The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ သောကြာနေ့၊ (5-9-2014) (၇၉၅၄)

## မိုးရွာသွန်းမှု

၄-၉-၂၀၁၄

| | |
|---|---|
| မော်လမြိုင် | ၄ ဒသမ ၄၈ လက်မ |
| တောင်ကုတ် | ၄ ဒသမ ၁၃ လက်မ |
| သံတွဲ | ၄ ဒသမ ဝ၇ လက်မ |
| သံတောင်ကြီး | ၃ ဒသမ ၅၈ လက်မ |
| ပေါင် | ၃ ဒသမ ၃၅ လက်မ |
| တောင်ငူ | ၃ ဒသမ ဝ၂ လက်မ |
| ချောင်းဆုံ | ၂ ဒသမ ၈၇ လက်မ |
| လှိုင်ကော် | ၂ ဒသမ ၇၆ လက်မ |

**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘာလင်မြို့ရှိ လေအားလျှပ်စစ်ထုတ်လုပ်သည့် Wind Park သို့ သွားရောက်လေ့လာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား Wind Park ရှိ Energy Sufficient Feldheim Village မှ တာဝန်ရှိသူများက လေရဟတ်များမှ လေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြစဉ်။(အပေါ်ပုံ)နှင့် လေအားလျှပ်စစ်ထုတ်လုပ်နေသောလေရဟတ်များကို တွေ့ရစဉ်။(အောက်ပုံ) (သတင်းစဉ်)

**ဘာလင် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဂျာမနီနိုင်ငံဘာလင်မြို့ရှိ လေအားလျှပ်စစ်ထုတ်လုပ်သည့် လေရဟတ်များရှိသော Wind Park (Energy Sufficient Feldheim Village) ကို သွားရောက်လေ့လာကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား Wind Park ရှိ ရှင်းလင်းဆောင်တွင် Energy Sufficient Feldheim Village မှ တာဝန်ရှိသူများက လေရဟတ်များမှ လေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ဂျာမနီနိုင်ငံ၏ လျှပ်စစ်စွမ်းအင် ၂၅ ရာခိုင်နှုန်း ထုတ်လုပ်ပေးသည့် လေအားလျှပ်စစ်ထုတ်လုပ်နေသော လေရဟတ်များတည်ရှိရာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဂျာမနီနိုင်ငံလွှတ်တော်ရုံးသို့ ရောက်ရှိကြပြီး ဂျာမနီနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Norbert Lammert နှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံတွင် မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အချင်းချင်းအပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသအဆင့်များတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများ ခွဲဝေကျင့်သုံးနေမှု၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့●**





ကြေးမုံစာတည်းရှုထောင့် ၅-၉-၂၀၁၄၊ သောကြာနေ့

# ကျောင်းပြင်ပမူလတန်းပညာရေး အားဖြည့်ကူညီ

နိုင်ငံတော်မှ စာမတတ်သူပပျောက်ရေး "အရေး၊ အဖတ်၊ အတွက်" လူတိုင်းတတ်မြောက်စေရန် 'အ'သုံးလုံးသင်တန်းများကို ၁၉၆၄ ခုနှစ် နွေရာသီတွင် စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ အထူးအောင်မြင်ခဲ့သည့်အတွက် ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးက မိုဟာမက်ရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင်လည်း ယူနက်စကိုအဖွဲ့ကြီးကပင် နိုမာဆုများ ချီးမြှင့်ခံခဲ့ရသည်။

မျက်မှောက်ကာလတွင် အရာရာကို ပညာဖြင့်ပိုင်းဖြတ်နေသည့်အတွက် 'အ'သုံးလုံးသင်တန်းသင်ကြားပေးရုံဖြင့် အဆင့်မမီတော့၍ မူလတန်းပညာကို လူတိုင်းအခမဲ့သင်ယူနိုင်အောင် နိုင်ငံတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈(ဂ)တွင် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်းခဲ့ပြီး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ခေတ်စနစ်၏ လိုလားတောင်းဆိုချက်အရ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ပြီး အခြေခံအလယ်တန်းပညာကို မူလတန်းအဆင့်အောင်မြင်ပြီးသူတိုင်း သင်ယူနိုင်ရန် အခမဲ့ပညာရေးစနစ်ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံအလယ်တန်းပညာကို တတ်မြောက်ထားရန်လိုအပ်ကြောင်း ညွှန်ပြနေခြင်းပင်ဖြစ်သည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် အခြေခံအကျဆုံးနှင့် အရေးပါဆုံးအဖြစ် အလေးထားအားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကိုယ်တိုင် လမ်းညွှန်ထားရှိသည်။

နိုင်ငံတော်အစိုးရက အခြေခံအလယ်တန်းပညာသင်ယူနိုင်ရေး ထိုသို့စီစဉ်ဆောင်ရွက်ပေးသော်လည်း ပြည်သူများအတွင်း အကြောင်းအမျိုးမျိုးကြောင့် အသက်(၁၀)နှစ်မှ (၁၄)နှစ်လူငယ်များမှာ ကျောင်းလုံးဝမနေခဲ့ရဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမဆုံးမီ ကျောင်းစောထွက်ခဲ့ရသူများ ရှိနေကြောင်း စိစစ်တွေ့ရှိရပေသည်။ အသက်(၁၀)နှစ်မှ (၁၄)နှစ်အတွင်း လူငယ်များ မူလတန်းနှင့် အခြေခံအလယ်တန်းပညာပြီးဆုံးအောင် သင်ယူနိုင်ရေးအတွက် ကျောင်းပြင်ပမူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျောင်းပြင်ပမူလတန်းပညာရေးကို လိုအပ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုင်ငံတော်အစိုးရနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုအထောက်အကူပြုအဖွဲ့အစည်းများ၊ NGO နှင့် INGO များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာဓကအားဖြင့် ဖျာပုံမြို့နယ်တွင် ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းကို ၂၀၁၀-၂၀၁၁မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ UNICEF နှင့် ပညာရေးဌာနတို့ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၂၃၀၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ၂၆၃ ဦးနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ၈၀ ဦး ကျောင်းပြင်ပမူလတန်းပညာများ ပြီးမြောက်ခဲ့ကြောင်း မြို့နယ်ကြီးကြပ်မှုကော်မတီ၏ မှတ်တမ်းများက ဆိုထားသည်။

ကျောင်းပြင်ပမူလတန်းပညာရေးကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် UNICEF နှင့် ကရုဏာမြန်မာ (KMSS)တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ပိုမိုအောင်မြင်အဆင်ပြေစေရေးအတွက် ကြီးကြပ်မှုကော်မတီကို ၁၂ ဦးဖြင့် ဖွဲ့စည်းထားရှိသည်။ ထိုသို့ဖွဲ့စည်းရာတွင်ဥက္ကဋ္ဌအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အတွင်းရေးမှူးအဖြစ် မြို့နယ်ပညာရေးမှူးတို့က တာဝန်ယူထားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် လိုအပ်သလိုထောက်ပံ့ကူညီနိုင်ရန် ရန်ပုံငွေ ရှာဖွေထိန်းသိမ်းရေးကော်မတီကိုလည်း ၁၆ ဦးဖြင့် ဖွဲ့စည်းထားရှိသည်။

ဖျာပုံမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၏ ကျောင်းပြင်ပမူလတန်းပညာရေးကို အခြေစိုက်စခန်း ၁၅ ခုဖွင့်လှစ်ပြီး ပထမအဆင့် ကျောင်းသား ကျောင်းသူ ၁၄၆ ဦးနှင့် ဒုတိယအဆင့် ကျောင်းသား ကျောင်းသူ ၁၄၅ ဦး စုစုပေါင်း ၂၉၁ ဦးတို့အား သင်ကြားပေးမည်ဖြစ်သည်။ ဖျာပုံမြို့နယ်၏ ကျောင်းပြင်ပမူလတန်းပညာအောင်မြင်မှု အသီးအပွင့်များအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပဉ္စမတန်း ၁၁ ဦး၊ ဆဋ္ဌမတန်း ၁၀ ဦး၊ သတ္တမတန်း ငါးဦးနှင့် အဋ္ဌမတန်းငါးဦးတို့ အလယ်တန်းအဆင့်ပညာများ ကူးပြောင်းသင်ယူမည်ဖြစ်သည်။


အချုပ်ဆိုရသော် နိုင်ငံတော်က လူတိုင်းမူလတန်းနှင့်အလယ်တန်းပညာတတ်မြောက်စေရေးဆောင်ရွက်ရာတွင် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပညာရေးအသိစိတ်ဓာတ်မြင့်မားစွာဖြင့် အားဖြည့်ကူညီဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

# ကုန်သွယ်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဗီယက်နမ်နိုင်ငံရှိ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် အဆိုပါဝန်ကြီးဌာန၌ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် တွေ့ဆုံကြကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး၊ ဗီယက်နမ်နိုင်ငံ၏ Bank for Investment and Development of Vietnam., JSC(BIDV) အနေဖြင့် မြန်မာနိုင်ငံတွင် ဘဏ်ခွဲဖွင့်လှစ်နိုင်ရေးနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ဗီယက်နမ်နိုင်ငံ၌ ကုန်စည်ပြပွဲများ ပြသနိုင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

## ဥရောပသမဂ္ဂအပြည်ပြည်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့မှ လက်တွေ့သင်ကြား

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ဥရောပသမဂ္ဂအပြည်ပြည်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းများ သင်တန်းကို တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲသူရိန်ခန်းမ၌ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၅ ရက်အထိ သင်ကြားပို့ချလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၈ မြို့နယ်မှ သင်တန်းသားအရာရှိ၂၀ တက်ရောက်သင်ကြားလျက်ရှိပြီး စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် မန္တလေးခရိုင်အတွင်း မှုခင်းအများဆုံးဖြစ်ပွားလေ့ရှိသော ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန် မြို့နယ်များသို့ နယ်မြေခံ ရဲတပ်ဖွဲ့များနှင့်အတူ ကွင်းဆင်းသွားရောက်၍ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရဲတပ်ဖွဲ့နှင့် ရပ်ကွက်ပြည်သူ ပူးပေါင်း၍ ရပ်ရွာ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ချက်များ၊ ပြည်သူများ ယုံကြည်အားကိုးသော ပြည်သူ့ရဲတပ်ဖွဲ့ဖော်ဆောင်ရေး ရပ်ကွက်ပြည်သူများနှင့် ဆက်ဆံဆောင်ရွက်မှုများအား ဥရောပသမဂ္ဂအပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့နည်းပြများက လက်တွေ့သင်ကြားပို့ချသည်။

ဒီမိုကရေစီအစိုးရသစ် တာဝန်ယူဆောင်ရွက်နေသည့် အချိန်တွင် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ကို အလေးထားဆောင်ရွက်ရသော ရဲတပ်ဖွဲ့များကို ပြည်သူနှင့် ထိတွေ့ဆက်ဆံပြီး မှုခင်းများ ကြိုတင်ကာကွယ်တားဆီးနိုင်ရေး ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိသည်။ ဥရောပသမဂ္ဂ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း ခေတ်စနစ်နှင့်အညီ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းဆိုင်ရာများ အတွေ့အကြုံများကို စေတနာထားလာရောက်မျှဝေသင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၄**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၃၇၀၀ - | ၆၆၄၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၃၅၀၀ - | ၆၆၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၇၅. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၇. ၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၃၃၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၃၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၀၃၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၂၄. ၆၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၅. ၂၂၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၆. ၇၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၅. ၄၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**






# ယူရေနီယံရောင်းချရန် ဩစတြေးလျဝန်ကြီးချုပ် အိန္ဒိယသို့ ရောက်ရှိ

မွမ်ဘိုင်း စက်တင်ဘာ ၄

**ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့သည် အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်အဖြစ် ယနေ့ရောက်ရှိပြီဖြစ်သည်။ ၎င်းနှင့်အတူ အိန္ဒိယနိုင်ငံသို့ ယူရေနီယံရောင်းချရေးဟူသော အစီအစဉ်လည်း ပါရှိခဲ့သည်။**

မစ္စတာ အက်ဘော့သည် အိန္ဒိယဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီနှင့် ဒေလီမြို့၌ သောကြာနေ့တွင် တွေ့ဆုံဆွေးနွေးခြင်းမပြုမီ မွမ်ဘိုင်းမြို့၌ ခရီးတစ်ထောက်ရပ်နားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသို့ ဩစတြေးလျ ယူရေနီယံများ တင်ပို့နိုင်ရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုနိုင်မည်ဟု ၎င်းအနေဖြင့် မျှော်လင့်ကြောင်း မစ္စတာ အက်ဘော့က ပြောသည်။

ခန့်မှန်းခြေ ကမ္ဘာ့ယူရေနီယံ၏ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့် ဩစတြေးလျနိုင်ငံသည် တရုတ်၊ ဂျပန်၊ (တရုတ်)တိုင်ပေနှင့် အမေရိကန်ပြည်ထောင်စုတို့သို့ ယူရေနီယံများ တင်ပို့ရောင်းချလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးထိုးခြင်း မရှိသည့်အတွက် ယခင်က ယင်းနိုင်ငံကို ဩစတြေးလျက ယူရေနီယံများ ရောင်းချပေးခြင်း မပြုခဲ့ပေ။

ယခင်လေဘာအစိုးရက ကာလရှည်ကြာစွာ ပိတ်ပင်ထားမှုကို ရုပ်သိမ်းပြီးနောက် ၂၀၁၂ခုနှစ်တွင်၎င်းနှစ်နိုင်ငံတို့သည် ယူရေနီယံရောင်းချရေးကို စတင်ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည်ယူရေနီယံများကို အရပ်ဘက် အကျိုးအတွက်သာ အသုံးပြုရေးအတွက် ပြည့်စုံသော ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်များ ချမှတ်ပြီးဖြစ်မည်ဟု ဩစတြေးလျက ယုံကြည်ကြောင်း ကုန်သွယ်ရေးဝန်ကြီး ဒန်ဒရူးရော့က ယခုသီတင်းပတ်အတွင်းတွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည်လက်ရှိအနေအထားတွင် ကျောက်မီးသွေးစွမ်းအင်အပေါ် မှီခိုအားထားနေရသည်။ သို့သော်အနာဂတ်ကာလတွင် နျူကလီးယားစွမ်းအင် အစီအစဉ်ကို တိုးချဲ့အကောင်အထည်ဖော်မည်ဖြစ်သည်။

**ဘီဘီစီ။**



အိန္ဒိယနိုင်ငံ မဟာရာရှတြာပြည်နယ် တာရာပူရ်မြို့ရှိ အဏုမြူဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

# နိုင်ငံတကာစာအုပ်ပွဲတော် ပေကျင်း၌ ပြသ

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ နိုင်ငံတကာ စာအုပ်ပွဲတော်ကို ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

နှစ်စဉ်ကျင်းပသည့် ပေကျင်းနိုင်ငံတကာ စာအုပ်ပြပွဲ၌ နိုင်ငံနှင့် ဒေသပေါင်း ၇၈ ခုမှ စာအုပ်ထုတ်ဝေသူ ၂၁၀၀ ကျော် ပါဝင်ပြသခဲ့ကြကြောင်း၊ ယင်းမှာ စာအုပ်ပြပွဲ သမိုင်းတွင် စံချိန်တင် ဦးရေဖြစ်ကြောင်း နိုင်ငံတော်စာနယ်ဇင်း၊စာအုပ်စာတမ်း၊ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အုပ်ချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူး ကျန်ပုဟိုင်းက ပြောကြားသည်။

ငါးရက်ကြာ ကျင်းပသည့် စာအုပ်ပွဲတော်ကာလအတွင်း စာပေမူပိုင်ခွင့်ဆိုင်ရာ သဘောတူ စာချုပ်ပေါင်း ၄၃၄၆ ခုကို ချုပ်ဆိုနိုင်ခဲ့ရာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၂၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နှစ်စဉ်ကျင်းပလာခဲ့သည့် စာအုပ်ပြပွဲဖြစ်ပြီး ယခုတစ်ကြိမ်တွင် ၂၁ ကြိမ်မြောက်အဖြစ် ပြသခြင်းဖြစ်ကာ ဧည့်သည် ၂၀၀၀၀၀ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**ဆင်ဟွာ။**

# တာဝေးပျံ လေယာဉ်များ ဆင်းသက်ခ စင်ကာပူ ချန်ဂီလေဆိပ် လျှော့ချပေးမည်




စင်ကာပူချန်ဂီလေဆိပ်ရှိ လေကြောင်းကောင်တာများကို တွေ့ရစဉ်။

**စင်ကာပူ စက်တင်ဘာ ၄**

စင်ကာပူချန်ဂီလေဆိပ်၌ လုပ်ငန်းဆောင်ရွက်နေသော လေကြောင်းဌာနများသည် တာဝေးပျံလေကြောင်း ခရီးစဉ်များအတွက် လေယာဉ်ဆင်းသက်ခ ငွေကြေးသက်သာခွင့် ရရှိမည်ဖြစ်ကြောင်း ချန်ဂီလေဆိပ်အုပ်စုက ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

လာမည့် ၁၉လတာ ကာလတွင် တာဝေးပျံလေယာဉ်များအတွက် မက်လုံးပေးသော အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ချန်ဂီလေဆိပ်အုပ်စုက ပြောကြားသည်။

စင်ကာပူနိုင်ငံကို နိုင်ငံတကာလေကြောင်းသွားလာရေးလုပ်ငန်း၌ အချက်အချာကျသည့် နိုင်ငံအဖြစ် ရပ်တည်လာနိုင်စေရန် ရည်ရွယ်လျက်လာမည့် ၁၉လတာကာလတွင် စင်ကာပူဒေါ်လာသန်း ၅၀ (အမေရိကန်ဒေါ်လာသန်း ၄၀)အထိ လေယာဉ်ဆင်းသက်ခ နှုန်းထားများကို လျှော့ချပေးမည်ဖြစ်သည်။

ယခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ ကာလတွင် လမ်းခရီး၌ ခရီးတစ်ထောက် ရပ်နားခြင်း မရှိဘဲ တောက်လျှောက် ပျံသန်းသော ခရီးသည်တင်လေယာဉ်များအတွက် လေယာဉ်ဆင်းသက်ခကို ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ပေးမည် ဖြစ်သည်။

ချန်ဂီလေဆိပ်၌ ခရီးတစ်ထောက်ရပ်နားသော လေယာဉ်များနှင့် ကြားစခန်းအဖြစ် ဝင်ရောက်ရပ်နားသော လေယာဉ်များကို ဆွဲဆောင်နိုင်ရန် ချန်ဂီလေဆိပ်အုပ်စုက စီစဉ်လျက်ရှိသည်။

ချန်ဂီလေဆိပ်သည် နိုင်ငံတကာလေကြောင်း လုပ်ငန်း၌ ဆဋ္ဌမမြောက်အများဆုံး လေယာဉ်အဝင်အထွက် ရှိသည့် လေဆိပ်ဖြစ်သည်။

**ဆင်ဟွာ။**

# ထိုင်း၌ ပြုပြင်ပြောင်းလဲရေး ကောင်စီ ဖွဲ့စည်းရာတွင် လူတန်းစားပေါင်းစုံမှ ပုဂ္ဂိုလ်များ ပါဝင်မည်

**ဗန်ကောက် စက်တင်ဘာ ၄**

ထိုင်းနိုင်ငံ၌ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် အစီအစဉ်များ ရေးဆွဲနိုင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား အတည်ပြုနိုင်ရန် အဖွဲ့ဝင် ၂၅၀ပါ ကောင်စီတစ်ရပ်ကို ထူထောင်မည်ဖြစ်ကြောင်း၊ ယင်းကောင်စီ၌ လူထုလူတန်းစားအလွှာ အသီးသီးမှ ပုဂ္ဂိုလ်များ ပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက စက်တင်ဘာ ၄ရက်တွင် ပြောကြားသည်။

**ပါဝင်**

အမျိုးသား ပြုပြင်ပြောင်းလဲရေး ကောင်စီဟု အမည်ပေးထားသော အဖွဲ့အစည်းတစ်ရပ်အား ဖွဲ့စည်းနိုင်ရေးအတွက် အဖွဲ့ဝင်များ ရွေးချယ်ရာတွင် ကိုင်စွဲရမည့် မူတစ်ရပ်ကို ဝန်ကြီးချုပ် ပရာယွတ်က ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ကောင်စီသည် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များနှင့် ပတ်သက်၍ မူကြမ်းရေးဆွဲမည်ဖြစ်သည်။ ထိုင်းအစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် စွမ်းအင်၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေး၊ မီဒီယာစသည့် လုပ်ငန်းကဏ္ဍများ ပါဝင်သည်။

**တိုက်တွန်း**

အမျိုးသား ပြုပြင်ပြောင်းလဲရေး ကောင်စီကို အောက်တိုဘာ ၂ရက်ထက်နောက်မကျဘဲ ဖွဲ့စည်းပြီးဖြစ်ရန် ဝန်ကြီးချုပ် ပရာယွတ်က မျှော်မှန်းသည်။ ယင်းကောင်စီ၌ ပါဝင်မည့်ပုဂ္ဂိုလ်များအတွက် ကော်မတီများက ရွေးချယ်ရာတွင် သတိရှိရှိဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းသည်။

**ရိုက်တာ။**

# နီဗားဒါးရှိပြတိုက်၌ သရုပ်ပြသစဉ် ပေါက်ကွဲမှုဖြစ်ပွား

**ဝါရှင်တန် စက်တင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု နီဗားဒါးပြည်နယ် ရီနိုမြို့ရှိ ပြတိုက်တစ်လုံးတွင် စက်တင်ဘာ ၃ရက်က ဓာတုပစ္စည်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ကလေးခုနစ်ဦး အပါအဝင် လူ ၁၃ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း၊ ပြတိုက်အတွင်း သရုပ်ပြပွဲတစ်ရပ် ပြုလုပ်နေစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ရီနိုမြို့ရှိ အာရီလီဝဲနီဗားဒါးဒစ္စကာဗာရီ အမည်ရှိ ပြတိုက်၌ လေဆင်နှာမောင်း တိုက်ခတ်ပုံနှင့် ပတ်သက်၍ ပြတိုက်လာ ပြည်သူများအား သရုပ်ပြသရန် ဓာတုပစ္စည်းများကို ရောနှောပေါင်းစပ်နေချိန်တွင် ရောစပ်မှု မှားယွင်းခြင်းကြောင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ပြတိုက်သည် ဘူမိဗေဒ၊ နက္ခတ္တဗေဒ၊ သမိုင်းနှင့်အခြားသော အကြောင်းရပ်များနှင့် ပတ်သက်၍ လူသားတို့၏ ရှာဖွေတွေ့ရှိမှုများကို ပြသသည့် ပြတိုက်ဖြစ်သည်။

**ရိုက်တာ။**

# အယ်လ်ခိုင်ဒါအဖွဲ့ခွဲ ထူထောင်ဟု ကြေညာပြီးနောက် အိန္ဒိယနိုင်ငံ ပြည်နယ်အချို့၌ လုံခြုံရေးတပ်လှန့်

**နယူးဒေလီ စက်တင်ဘာ ၄**

အိန္ဒိယနိုင်ငံအတွင်း အယ်လ်ခိုင်ဒါအဖွဲ့ခွဲ ထူထောင်ကြောင်း ယင်းအဖွဲ့၏ခေါင်းဆောင်က ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ပြည်နယ်များတွင် လုံခြုံရေးတပ်လှန့်လိုက်ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

အိန္ဒိယတိုက်ငယ်အတွင်း လှုပ်ရှားမှုများ မြှင့်တင်နိုင်ရေးအတွက် အဖွဲ့ခွဲထူထောင်လိုက်ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့ ခေါင်းဆောင် အီမန်ဇာဝါဟီရီက ဗီဒီယိုဖိုင်ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ၅၅ မိနစ်ကြာ ဗီဒီယိုရုပ်သံပြကွက်၌ ဇာဝါဟီရီက ၎င်းတို့အဖွဲ့အနေဖြင့် အာဖဂန်တာလီဘန် ခေါင်းဆောင် အိုမာမူလာအား သစ္စာစောင့်သိမည်ဖြစ်ကြောင်း ကတိပြု ပြောကြားခဲ့သည်။

အယ်လ်ခိုင်ဒါအဖွဲ့ခွဲ ထူထောင်ခြင်းသည် အစ္စလာမ့်နိုင်ငံ ထူထောင်ရေးလှုပ်ရှားနေသည့် အိုင်အက်စ်အဖွဲ့အား ချိုးနှိမ်မှုတစ်ရပ်ဖြစ်သည်ဟု ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

အိန္ဒိယ အထက်တန်း ထောက်လှမ်းရေးအရာရှိများနှင့် ပြည်ထဲရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးမှုအပြီး လုံခြုံရေးဆိုင်ရာ အစီအစဉ်သစ်များနှင့် ပတ်သက်၍ အိန္ဒိယဝန်ကြီးချုပ်ထံ တင်ပြအစီရင်ခံမည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံအတွင်းမှ လုံခြုံရေးနှင့် ထောက်လှမ်းရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဇာဝါဟီရီ၏ ဗီဒီယိုအခွေကို လေ့လာသုံးသပ်ကာ ဆန်းစစ်မည်ဟုဆိုသည်။

**ဘီဘီစီ။**



အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ် အယ်လာဟာဘတ်မြို့၌ လုံခြုံရေးစောင့်ကြပ်နေသော တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

တန်ဖိုးကြီးမားလှသည့် ပိုင်ဆိုင်မှုများအပါအဝင် နေအိမ်အဆောက်အအုံအများအပြား ဖျက်ဆီးခံခဲ့ရပြီး ရလဒ်အနေဖြင့် လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါကြောင်း။

ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းတို့၏ အကူအညီများ၊ နိုင်ငံတော်အစိုးရ၏ မလျော့သောကြိုးပမ်းအားထုတ်မှုများကြောင့် ယခုဆိုလျှင် ရွှေ့ပြောင်းလာသူများအား ယာယီခိုလှုံရန်နေရာများ၌ ဘေးကင်းလုံခြုံစွာရှိနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် တစ်နည်းနည်းဖြင့် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုအာမခံချက်ပေးနိုင်သည့် မူလနေရာများနှင့်အနီးစပ်ဆုံးသို့ ၎င်းတို့၏ ဆန္ဒသဘောထားများအလျောက် ရွှေ့ပြောင်းပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အသက်မွေးဝမ်းကျောင်းနှင့် လူမှုစီးပွားကိစ္စရပ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးတိုးတက်မှုအကူအညီများကိုလည်း ထည့်သွင်းရမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားဖြစ်မှု စိစစ်ခြင်း၊ အမြဲတမ်းနေရာချထားခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ ပါဝင်သည့် လုပ်ငန်းစီမံချက်မူကြမ်းကို ရေးဆွဲခဲ့ပါကြောင်း။

အစိုးရအနေဖြင့် အေးချမ်းတည်ငြိမ်မှုရှိပြီး လူ့အသိုက်အဝန်းနှစ်ခုစလုံးမှ တစ်ခုတည်းသော နည်းလမ်းအပေါ် လက်ခံလာမည့် အကောင်းဆုံးအချိန်ကို စောင့်ဆိုင်းလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းတွင် မြေပုံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားဖြစ်မှုစိစစ်ခြင်း လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြန်လည်နေရာချထားရေး စီမံချက်တစ်ခုလုံးအတွက် ကနဦး ခြေလှမ်းတစ်ရပ်ဖြစ်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း နေအိမ်၊ ကျောင်း၊ ဆေးရုံ၊ ဈေး၊ ငါးဖမ်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း စသည်တို့အပါအဝင် အခြေခံအဆောက်အအုံများကို တည်ဆောက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအသိုက်အဝန်းများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များအနေဖြင့် လာမည့်လများ၌ ဖွံ့ဖြိုးတိုးတက်မှုအကူအညီများ ပံ့ပိုးသွားရန် စီမံချက်များကို ဆောင်ရွက်သွားရန် အထူးတိုက်တွန်းလိုပါကြောင်း၊ အမျိုးသား ပြန်လည်သင့်မြတ်စေရေး လိုက်လျောညီထွေရေးနှင့် ငြိမ်းချမ်းကြွယ်ဝစည်ပင်သည့် ရခိုင်ပြည်နယ်တည်ထောင်နိုင်ရေးအတွက် အဆုံးစွန်ထိ ရည်မှန်းချက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တူရကီသံအမတ်ကြီး၊ ဘရူနိုင်းသံအမတ်ကြီး၊ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကိုယ်စားလှယ်၊ UNOCHA နှင့် UNICEF ကိုယ်စားလှယ်တို့က နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်နယ်အတွင်း အမှန်တကယ်လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများအပေါ် ၎င်းတို့၏ သဘောထားအမြင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအပြင် ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေမှု၊ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအတွက် နိုင်ငံတော်အစိုးရက လိုအပ်သည့်အကူအညီများကို ဖြည့်ဆည်းပေးရန်တို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒေါက်တာသန်းအောင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်၌ အလှူငွေပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြောက်ဦးမြို့သို့ရောက်ရှိပြီး သမိုင်းဝင်ဘုရားများဖြစ်သည့် သျှစ်သောင်းဘုရား၊ ထုက္ကန်သိမ်ဘုရားနှင့် စန္ဒာမုနိဘုရားတို့အား လည်းကောင်း၊ ကျောက်တော်မြို့ရှိ သမိုင်းဝင်မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအားလည်းကောင်း သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မြေပုံမြို့နယ် တောင်ပေါ်ကယ်ဆယ်ရေးစခန်းတွင် နိုင်ငံသားပြုနိုင်ခွင့်ရရှိရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတသည် မြောက်ဦးမြို့သို့ရောက်ရှိစဉ် မြို့မဈေးကြီးသို့ သွားရောက်ပြီး ဈေး၌ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးသူဈေးသားများနှင့်ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ရောင်းဝယ်မှုအခြေအနေများကို မေးမြန်းကာ နှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မြောက်ဦးဟိုတယ်သို့ ရောက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇံက မြောက်ဦးမြို့နယ်ရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သာယာလှပရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြောက်ဦးဟိုတယ်ဇုန် စီမံကိန်းတည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ဆက်လက်ရှင်းလင်းတင်ပြရာ လုပ်ငန်းဆိုင်ရာလိုအပ်သည်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် မင်းပြားမြို့ရှိ စမ္ဗာလေကယ်ဆယ်ရေးစခန်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံက ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာမူလတန်းကျောင်းဆောင်၌ စခန်းအတွင်းနေထိုင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သွားနိုင်ရေးတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံအမတ်ကြီးများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြေပုံမြို့ ကန်သာထွက်ဝကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းအတွင်း နေထိုင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ဆန်အိတ်များထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ပေါ်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ စခန်းယာယီစာသင်ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူလေးများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ပညာသင်ကြားခြင်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တောင်ပေါ်ကယ်ဆယ်ရေးစခန်းအတွင်းနှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး စခန်းအတွင်းနေထိုင်သူများနှင့် တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများအပေါ် တွေ့ရှိရသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာပြောကြားပြီးနောက် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် စခန်းအတွင်းနေထိုင်သူများအား မြေပုံမြို့နယ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားပြုနိုင်ခွင့် ရရှိရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့်လိုက်ပါလာသည့် သံတမန်များကလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို မျက်မြင်လေ့လာကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြသည်။ **(သတင်းစဉ်)**

❒ မြန်မာယူ-၂၃ မှ

နောက်တန်း နေဇော်အောင်(နေပြည်တော်)၊ ဇော်ဝင်း (ရန်ကုန်)၊ ဝေယံ(မကွေး)၊ ဝါးရယ် (မနောမြေ)၊ တလွန်ဟုပါထန်း(ချင်း)၊ ဝင်းဇင်ဦး(ဧယျာရွှေမြေ)၊ ကျော်ဇင်လွင်(မကွေး)၊ သိန်းနိုင်ဦး(ကမ္ဘောဇ)၊ အလယ်တန်း- အောင်ရှိုးသာမောင်(မကွေး)၊ လှိုင်ဘိုဘို(ရတနာပုံ)၊ သက်ပိုင်ဦး(ဧယျာရွှေမြေ)၊ ထူးထူးအောင်(မကွေး)၊ သိန်းဇော် (မနောမြေ)၊ ကောင်းဆက်နိုင်(မကွေး)၊ အောင်ကိုကိုဦး( နေပြည်တော်)၊ ရန်နိုင်ထွေး (Southern)၊ မျိုးဇော်ဦး(မကွေး)၊ နိုင်နိုင်ကျော်(ဇွဲကပင်)၊ ရှေ့တန်း- ရဲအောင်(Southern)၊ သန့်ဇော်ဟိန်း(နေပြည်တော်)၊ ချစ်စုမိုး (ချင်း)နှင့် သန်းထက်အောင်(ရန်ကုန်)တို့ ပါဝင်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

## မန္တလေးဘူတာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၄**

အမှတ်(၄)တပ်ခွဲ (မန္တလေး) ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂ ရက်က မန္တလေးဘူတာ အမှတ်(၁) စကြံတွင် တွဲဆိုင်းထိုးထားသော အမှတ် (၅၇) အဆန် မန္တလေး-မြစ်ကြီးနားရထား ရိုးရိုးတန်းတွဲ (၅)၊ ခုံအမှတ် (၃၄)ရှိ ဒေါ်အီ ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ပြား သိမ်းဆည်းရမိသဖြင့် ဒေါ်အီ (၅၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရပ်နားခွင့်မရှိသည့် မြို့တွင်းလမ်းများပေါ်တွင် အချိန်ကြာမြင့်စွာ ရပ်နားပါက အရေးယူမည်

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း တိုးတက်များပြားလာသော ယာဉ်များ မောင်းနှင်သွားလာမှုလွယ်ကူစေရေးအတွက် လမ်းများတိုးချဲ့ဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ ယင်းတို့ကိုပြင်ဆင်ထိန်းသိမ်းခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ယာဉ်သွားလမ်းများ ပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ လမ်းများ၊ တံတားများ ပျက်စီးမှုနည်းပါးစေရေးတို့အတွက် မြို့တော်နယ်နိမိတ်အတွင်း သုံးတန်အထက် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင်နောက်တွဲယာဉ်များ ညအိပ်ရပ်နားရန် ယာဉ်ရပ်နားစခန်းများ သတ်မှတ်ထားရှိပြီး ဖြစ်သည်။

သို့ရာတွင် သုံးတန်အထက် ကုန်တင်ယာဉ်နှင့် ကုန်သေတ္တာတင် နောက်တွဲယာဉ်များသည် သတ်မှတ်ထားသည့်ယာဉ်ရပ်နားစခန်းများတွင် ရပ်နားခြင်းမရှိဘဲ အထက်ကြည့်မြင်တိုင်လမ်း၊ ကမ်းနားလမ်းအစရှိသော လမ်းများအပါအဝင် ရပ်နားခွင့်မရှိသည့် မြို့တွင်းလမ်းများပေါ်တွင် အချိန်ကြာမြင့်စွာ စည်းကမ်းမဲ့ရပ်နားလျက်ရှိသည့်အတွက် လမ်းများပျက်စီးခြင်း၊ ပိတ်ဆို့ခြင်းနှင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသဖြင့် စက်တင်ဘာ ၉ ရက်မှစတင်၍ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(စောသိန်းဝင်း)**

## ဘီလပ်မြေဖျော်စက်ယာဉ်၏ နောက်တွဲယာဉ်ချိတ်ပြုတ်ထွက်၍ ကားသုံးစီးဆင့်တိုက်

**ရန်ကုန် စက်တင်ဘာ ၄**

ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး ဘီလပ်မြေဖျော်စက်ယာဉ်၏ နောက်မှဆွဲယူလာသော ဘီလပ်မြေပနို့ မှုတ်တင်စက်တွဲပြုတ်ထွက်၍ လမ်းဘေးတွင် ရပ်ထားသော ကိုယ်ပိုင်ယာဉ်သုံးစီးအား ဆင့်ကဲတိုက်မိမှုဖြစ်စဉ်တစ်ခု စက်တင်ဘာ ၃ ရက် နံနက် ၆ နာရီ ၁၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်းထိပ် (သိမ်ဖြူလမ်းငါးခွဆုံ မီးပွိုင့်အနီး)တွင် ဖြစ်ပွားခဲ့သည်။ **(အပေါ်ယာပုံ)**



ဖြစ်စဉ်မှာ မြယာကုန်းလမ်းအတိုင်း အရှေ့မှ အနောက်သို့ ဘီလပ်မြေဖျော်စက်5B/...... သည် ဘီလပ်မြေပနို့မှုတ်စက်ကို တွဲယူမောင်းနှင်လာရာမှ သိမ်ဖြူလမ်းငါးခွဆုံ မီးပွိုင့်အနီးအရောက် ယာဉ်ငယ်တစ်စီးရှေ့မှ ရုတ်တရက် ဖြတ်သွားသည်ကို ဘရိတ်နင်းလိုက်ရာမှ ချိတ်ဆွဲလာသော ဘီလပ်မြေပနို့မှုတ်စက်တွဲ၏ ချိတ်ပြုတ်ထွက်သွားပြီး လိမ့်ထွက်သွားကာ ဝဲဘက်ကားလမ်းတစ်ဖက် ယာဉ်ကြောတွင် ရပ်ထားသော 3G/ . . . အနက်ရောင် ALPHARD ကိုယ်ပိုင်ယာဉ်၏ ဝဲဘက်ခြမ်းကို ဝင်တိုက်မိသည်။ တိုက်မိသည့်အရှိန်ဖြင့် ယင်းကား၏ နောက်ဘက်တွင် ရပ်ထားသော အဖြူရောင် လိုက်ထရပ်ယာဉ်နှင့် တိုယိုတာကရီယာ အနက်ရောင် ဆလွန်းကားတစ်စီးတို့ကို ဆင့်ကဲတိုက်မိခဲ့သည်။ အနက်ရောင်ALPHARD ယာဉ် ဘယ်တစ်ခြမ်းလုံး ပျက်စီးသွားပြီး ကျန်ကားနှစ်စီး၏ ရှေ့ဘက်နှင့် နောက်ဘက်တို့တွင် အနည်းငယ် ပိန်ချိုင့်သွားခဲ့သည်။ ယာဉ်မှုစစ်က ဘီလပ်မြေဖျော်စက်ယာဉ် မောင်းအား အမှုဖွင့်အရေးယူထားသည်။

**အောင်သန်း(တောင်ညွန့်)**

## ပြည်သူ့အပြုံး အမ်ပီတီအပေါ်ဖုံးလွှမ်း

### အေးသန်း(စိန်တုံးကြီး)

စာရေးသူတို့နိုင်ငံတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကထုတ်လုပ်ခဲ့သည့် မိုဘိုင်းဖုန်းများကို လွန်ခဲ့သည့်ရာစုနှစ်များကပင် စတင်သုံးစွဲလာခဲ့ကြသော်လည်း စတင်သုံးစွဲစဉ်က မိုဘိုင်းဖုန်းတစ်လုံးကို ကျပ်သိန်း နှစ်ဆယ်အထက် ဈေးနှုန်းမြင့်မားခဲ့ခြင်းကြောင့် ငွေကြေးချမ်းသာသူ လူနည်းစုလောက်သာ သုံးစွဲနိုင်ခဲ့ကြသည်။ ယင်းနောက်ပိုင်း ကျပ်ငါးသိန်းအထိဈေးနှုန်းလျှော့ချခဲ့ရာမှ ကျပ်နှစ်သိန်းတန်ဟူ၍ ဌာနဆိုင်ရာဝန်ထမ်းများကိုပါ အရစ်ကျရောင်းချပေးနိုင်သည်အထိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စေတနာထားပြီး ပြည်သူတွေအပေါ် အလေးထား ဆောင်ရွက်လာသည်ကိုများ သိရှိလာခဲ့ရပေသည်။

ဤသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူလူထုအတွက် မိုဘိုင်းဖုန်းဆင်းမ်ကတ်များ တစ်ဆင့်ပြီးတစ်ဆင့် ဈေးနှုန်းလျှော့ချခဲ့ရာမှ နိုင်ငံတော်အကြီးအကဲ၏ စေတနာထားမှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ၂၀၁၃ ခုနှစ် ဧပြီလမှစပြီး မိုဘိုင်းဆင်းမ်ကတ်တစ်ခုလျှင် ကျပ်တစ်ထောင့်ငါးရာနှုန်းဖြင့် ရပ်ကွက်နေပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ခွဲတမ်းစနစ်၊ မဲစနစ်များဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ တောရောမြို့ပါမကျန် ဖြန့်ဖြူးရောင်းချပေးနိုင်သည့်အတွက် ပြည်သူအပေါင်းက တစ်ဦးနှင့်တစ်ဦး အချိန်တိုအတွင်း ဖုန်းဖြင့် ပြောဆိုဆက်သွယ်နိုင်ခြင်းများကြောင့် တစ်နေရာနှင့်တစ်နေရာ သွားရောက်တွေ့ဆုံရန် အချိန်ကုန်သက်သာခြင်း၊ ငွေကုန်ကြေးကျသက်သာခြင်း အကျိုးကျေးဇူးများကို ပြည်သူအပေါင်းက မျှဝေခံစားခဲ့ကြရပေသည်။

မြန်မာနိုင်ငံ၏ တယ်လီကွန်း ဆက်သွယ်ရေးဝန်ဆောင်မှုဖော်ဆောင်နိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆက်သွယ်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်လာခြင်း၊ ဂျပန်လုပ်ငန်းစုများနှင့်ပေါင်းကာ ဆက်သွယ်ရေးလမ်းကြောင်းများကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်နေခြင်းများရှိနေသည့်အပြင် နိုင်ငံတစ်ဝန်းနေရာအကန့်အသတ်မရှိ ဆုပ်ကိုင်နိုင်သည့် ဆက်သွယ်ရေးလုပ်ငန်းကြီးတစ်ခုဖြစ်နေခြင်းကြောင့် နောက်ဆုံးတွင် ဆက်သွယ်ရေးကွန်ရက်များ ပိုမိုမြန်ဆန်လာနိုင်ပြီး မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ တစ်ဆင့်မြင့်မားလာကာ တိုင်းပြည်၏ GDP လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း ယုံကြည်မိပေသည်။

ဤသို့ဖြင့် ပြည်သူလူထုမျှော်လင့်တောင့်တနေခဲ့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့ကြီးတို့တွင် အမ်ပီတီ (MPT) ဆင်းမ်ကတ်များကို ယခင်ကလို မဲစနစ်၊ ခွဲတမ်းတို့ဖြင့်မဟုတ်ဘဲ လူတစ်ဦးလျှင် မှတ်ပုံတင်မိတ္တူတစ်ခု၊ ဓာတ်ပုံနှစ်ပုံတို့ဖြင့် ဆင်းမ်ကတ်တစ်ခုလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် လွတ်လပ်စွာရောင်းချပေးနေသည်များကို စာရေးသူတွေ့လိုက်၊ ကြားလိုက်ရ၍ များစွာနှစ်ထောင်းအားရ ဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်ပေသည်။ သို့သော်လည်း ဖုန်းဆင်းမ်ကတ်တစ်ခုရဖို့အတွက် အချိန်ကုန်လူပင်ပန်းကာ တိုးဝှေ့ဝယ်ယူခြင်းများနှင့် ပြင်ပတွင် ငွေကျပ် ၁၅၀၀ တန် ဆင်းမ်ကတ်တစ်ခုက ကျပ်တစ်သောင်းဂဏန်းအထိ ဈေးကွက်ဖြစ်နေခြင်းကို ကြားသိ၊ တွေ့ရှိနေရသဖြင့် စိတ်မကောင်းဖြစ်ခဲ့ရပြန်သည်။

သို့ပါ၍ စာရေးသူတို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း Myanmar Posts Telecomunitions (MPT) သည် ပြည်သူအပေါင်းအတွက် ဝန်ဆောင်မှုကောင်းများ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါလျှင် (သို့မဟုတ်) ယခုလက်ရှိရောင်းချပေးနေသည့် ပုံစံမျိုးထက် ပြည်သူလူထုစိတ်ချမ်းသာစွာဖြင့် လွယ်လင့်တကူဝယ်ယူရရှိနိုင်ရေးအတွက် မိုဘိုင်းဖုန်းဆိုင်အားလုံးတို့တွင် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးနိုင်ကြမည်ဆိုပါက ပြင်ပဈေးကွက်တွင် အမြတ်ပေးဝယ်ယူနေရခြင်းများ ပျောက်ကွယ်သွားနိုင်သကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ ပြည်သူလူထုအပေါ်ထားရှိသည့် စေတနာမှန်များလည်း ထင်ရှားလာကာ "ပြည်သူတွေအပြုံးက အမ်ပီတီအပေါ်ဖုံးလွှမ်း" လာမှာဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါတော့သည်။ ။

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၆-၉-၂၀၁၄ ရက်နေ့တွင် တာမွေ၊ ရွှေပေါက်ကံ၊ ဒဂုံ(တောင်)၊ သာကေတ၊ ရန်ကင်း၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(မြောက်)၊ ဗိုလ်တထောင်၊ ဗဟန်း၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ ဒဂုံ၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တံတား၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ တိုက်ကြီး၊ အဖျောက်၊ ထောက်ကြန့်၊ အင်းတိုင်၊ ဖောင်ကြီး၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၈း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၂း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၇-၉-၂၀၁၄ ရက်နေ့တွင် ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ သဃ်န်းကျွန်း၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ဗဟန်း၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ မရမ်းကုန်း၊ သန်လျင်၊ ခရမ်း၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကျိုက်ထော်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ အင်းတိုင်၊ ဖောင်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၈း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း လည်းကောင်း၊ ၁၂း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

## အများပြည်သူစားသုံးရန်မသင့်သော အေးခဲကြက်သည်း၊ ကြက်မြစ်များသိမ်းဆည်းရမိ

**ပဲခူး စက်တင်ဘာ ၄**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီသည် အခွန်တိမ်းရှောင်သော တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများအား တားဆီးရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် Mobile Team များဖွဲ့စည်း၍ နယ်စပ်ဝင်ပေါက်များနှင့် ကုန်ပစ္စည်းသယ်ယူသည့် လမ်းကြောင်းများ တစ်လျှောက် တားဆီးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)**

ထိုင်းနိုင်ငံမှ မြန်မာပြည်တွင်းသို့ သယ်ဆောင်ရာလမ်းကြောင်းဖြစ်သော ပဲခူးတိုင်းဒေသကြီး ညောင်ခါးရှည်-ဒိုက်ဦးလမ်းဆုံရှိ Mobile Team(2) စစ်ဆေးရေးဂိတ်၌ ဩဂုတ် ၃၀ ရက် ည ၁၂ နာရီခန့်က လိုက်ထရပ်ယာဉ် 6B/ ----အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယာဉ်ပေါ်တွင် ထိုင်းနိုင်ငံထုတ် (CP) အမှတ် တံဆိပ်ပါ ကြက်သည်း၊ ကြက်မြစ် 1 kg ထုပ် ၁၆၈၀ သိမ်း ဆည်းရမိခဲ့သည်။

ယင်းနေ့၌ပင် ယာဉ်အမှတ် 6G--- အား ရပ်တန့်စစ်ဆေးရာ ရှောက်သီးများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော အသားတု ၁၄၉၄ kg သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိပစ္စည်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာပူးပေါင်းအဖွဲ့များ၏ သဘောထားမှတ်ချက်ရယူကာ အများပြည်သူ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများဖြစ်သဖြင့် မီးရှို့ဖျက်ဆီးခဲ့ပြီး တရားမဝင်အေးခဲကြက်မြစ်၊ ကြက်သည်းများ တင်ဆောင်လာသော လိုက်ထရပ်ယာဉ် 6B လိုင်စင်(စိစစ်ဆဲ)အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကိုအောင်(ပဲခူး)**





ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အတွင်း လူသွားလူလာများပြားသည့်နေရာများရှိ ဓာတ်အားလိုင်းများတွင် လိုင်းကြိုးများပြတ်ကျလာပါက အန္တရာယ်မဖြစ်စေရေးအတွက် Linking Rope တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ်။

**(ကြေးမုံ)**

မူးယစ်ဆေးသည် လူသားအားလုံးကို အညွန့်တုံးစေနိုင်သည်

# မျှဝေသောမေတ္တာလက်များ လိုအပ်နေသည့်ကလေးငယ်

မိမိ၏အသက်သော်လည်းကောင်း၊ တစ်စုံတစ်ခုသော အကျိုးစီးပွားအတွက်သော်လည်းကောင်း၊ မလွန်ဆန်နိုင်သော ဖိအားများအတွက်သော်လည်းကောင်း အမျိုးမျိုးသောအကြောင်းများကြောင့် မိမိ၏ရင်သွေး သားသမီးများကို စွန့်ပစ်သူမိဘအချို့ရှိနေသည်။ သူတို့ကို တာဝန်မဲ့၊ အကြင်နာမဲ့သူများအဖြစ် အများက ကဲ့ရဲ့ရှုတ်ချကြသည်။ ဆက်သွယ်သွားလာမှုမြန်ဆန်သောယနေ့ခေတ်ကြီးတွင် မှားယွင်းမှုများလည်း များလှသည်ဖြစ်ရာ ဤသို့ကလေးငယ်စွန့်ပစ်မှုများလည်း မကြာခဏတွေ့မြင်နေရသည်။ သို့သော် လူသားတို့၏အသက်ရှင်သန်ခွင့်နှင့် လူသားဘဝကို တန်ဖိုးထားသော မေတ္တာတရားကိုယုံကြည်၍ အားကိုးရာမဲ့သူတို့ကို ကူညီဖေးမသူ ပရဟိတသမားများလည်း တစ်ဦးချင်းအနေနှင့်ရော အဖွဲ့အစည်းအလိုက်ရှိနေကြသည်။

ညဦးမှစ၍ သဲသဲမဲမဲရွာလျက်ရှိသော မိုးနှင့်လေပြင်းတို့ရပ်တန့်ငြိမ်သက်သွားချိန်တွင် ကျောင်းဝင်းတစ်နေရာမှ အင်အားချည့်နဲ့သော ငိုကြွေးသံငယ်တစ်ခုကို ဆရာတော်ကြားလိုက်ရသည်။ မှောင်မိုက်ထဲမှ စွမ်းအားမဲ့ကလေးငယ်၏ အားကိုးရာရှာဖွေသံပင်ဖြစ်တော့သည်။

"ည ၉ နာရီလောက်မှာ မိုးတိတ်သွားတယ်။ ဘုရားဝတ်တက်ပြီးလို့ ထတဲ့အချိန် ကျောင်းသားကလေးတွေက "ဘုန်းဘုန်း ကလေးလေး လာပစ်သွားတယ်။ ဟိုနားလေးမှာ"ဆိုတဲ့ အသံကြားရတယ်။ ဆိုင်ကယ်တစ်စီးနဲ့ လူနှစ်ယောက်မောင်းထွက်ပြေးသွားတာတွေ့လိုက်ရတယ်။ ဘုန်းကြီးကျောင်းဝင်းထဲက ကတ္တရာလမ်းပေါ်မှာ ပိန်ချုံးချည့်နဲ့ပြီး မငိုနိုင်တော့လို့ ညည်းညူသံပဲ ပြုနိုင်တော့တဲ့ ရှစ်လသားအရွယ် ကလေးငယ်လေးကိုတွေ့ရလို့ ဘုန်းဘုန်း ပွေ့ချီယူခဲ့တယ်"ဟု နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတ ကျောင်းဆရာတော်က မိန့်ကြားသည်။

လတ်တလော အသက်အန္တရာယ်စိုးရိမ်ရသော ကလေးငယ်များအား ကယ်တင်ရန် ဆရာတော်နှင့် မရင်းကြီးကျေးရွာ မိုးကောင်းဆရာတော် ဦးဓမ္မိသာရတို့ပူးပေါင်းလျက် ဆေးရုံသို့ပို့ဆောင်ရာတွင်လည်း မိုးကြီးရေလျှံအခြေအနေနှင့်တွေ့ကြုံ၍ ကားပျက်ခဲ့ရာ ရွှေသံလွင်ကုမ္ပဏီမှ ဒါယကာများက ကားဖြင့်ကူညီ၍ အမှတ်(၂)တပ်မတော်ဆေးရုံသို့ ပို့ဆောင်နိုင်ခဲ့သည်။ အမှတ်(၂)တပ်မတော်ဆေးရုံမှ ဆရာဝန်ကြီးနှင့်အဖွဲ့က ကလေးငယ်အသက်ရှင်ရေး အင်တိုက်အားတိုက်ကူညီကယ်ဆယ်ခဲ့ကြသည်။ အမှတ် (၂)တပ်မတော်ဆေးရုံကြီးတွင် ၁၀ ရက် ကုသမှုခံယူပြီး အရပ်ဘက် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသမှုခံယူခဲ့သည်။

နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံမှ ဆေးရုံအုပ် ဆရာဝန်ကြီးနှင့် ဆေးလူမှုဆက်ဆံရေးအရာရှိ ဒေါ်တင်တင်ဝင်းတို့က ကူညီစီမံပေး၍ ဝမ်းလျှော၊ ဖျားနာ၊ အားပြတ်ဝေဒနာများနှင့် သေလုမြောပါးဖြစ်နေသော ကလေးငယ်ကို



နာလန်ထူ၍ အသားအရေပြည့်ဖြိုးလန်းဆန်းလာအောင် မေတ္တာရှင်စေတနာရှင်အပေါင်းမှ ဝိုင်းဝန်းကူညီခဲ့ကြသည်။

"အားအင်ပြည့်ဖြိုးလာပြီဆိုတော့ ပြီးပြီပေါ့၊ ဘုန်းကြီးက ပရဟိတဘုန်းကြီးပဲ၊ နှစ်လသားအရွယ်ကလေး တီဘီရောဂါဖြစ်နေတဲ့ကလေးတွေတောင် ပြုစုစောင့်ရှောက်မွေးမြူခဲ့လို့ အခုကျောင်းမှာ ကျန်းမာစွာရှိနေပြီပဲ၊ ဒီကလေးက ရှစ်လသားအရွယ်ဆိုတော့ ဘာမပြုစုနိုင်စရာရှိမလဲပေါ့၊ ဒါပေမယ့် ကံမကောင်းရှာတဲ့ကလေးငယ်မှာ ဘုန်းကြီးတို့ပြုစုနိုင်စွမ်းမရှိတဲ့ ရောဂါပါလာခဲ့တယ်။ အသက်တစ်နှစ်ခွဲအရွယ်ရောက်မှ သက်ဆိုင်ရာဌာနကို ပို့ဆောင်နိုင်မှာဖြစ်တယ်၊ နောက်ထပ် ၁၀ လလောက်ဆေးရုံမှာထားပြီး ပြုစုစောင့်ရှောက်ရတော့မယ်၊ လောလောဆယ်မှာ ကျောင်းသားလေးနှစ်ယောက်နဲ့ ကိုရင်ကြီးတစ်ပါးက ဆေးရုံမှာစောင့်ပြီး ပြုစုတယ်၊ သူနာပြုတွေ ဘာတွေမငှားနိုင်ပါဘူး၊ ကလေးက မိန်းကလေးဆိုတော့ ကျောင်းသားလေးတွေ၊ ကိုရင်ကြီးနဲ့လည်း မသင့်တော်သလို လူနာစောင့်တွေကိုထောက်ပံ့ဖို့ ဘုန်းကြီးကျောင်းကနေ ခုတင် (၁၀၀၀) ဆေးရုံကိုသွားရတာလည်း ခက်ခဲမှုရှိပါတယ်။ ကလေးသန့်ရှင်းရေးနဲ့ ဝေယျာဝစ္စတွေကို အနားက အခြားလူနာစောင့်အမျိုးသမီးကြီးတွေက ကူညီပေးနေပါတယ်"ဟု ဆရာတော်က မိန့်ကြားခဲ့သည်။

လူအချို့သည် လှပသောဘဝများ၊ မျှတသောဘဝများပိုင်ဆိုင်ကြသည်။ အချို့မှာကား ဘဝမလှပခဲ့။ ထိုအထဲတွင် ဤကလေးငယ်မှာ လူ့လောကသို့ အထီးကျန်ခြင်းအနုတ်လက္ခဏာများနှင့်ဝင်လာခဲ့ရသော်လည်း မေတ္တာရှင်စေတနာရှင်တို့၏ပံ့ပိုးမှုဖြင့် အောင်ပွဲတစ်ခုရရှိခဲ့ပြီး ယခုမျှဝေတတ်သော မေတ္တာ ရှင်စေတနာရှင်တို့၏ ပေါင်းစပ်ခွန်အားများ လိုအပ်လျက်ရှိနေပါကြောင်း။ ။

သတင်း - ကိုကိုနေ၊ ဓာတ်ပုံ - နန္ဒ

# MPT ဆင်းမ်ကတ်ကို အရောင်းဆိုင်များမှ ကျပ်နှစ်သောင်းနှုန်းအထိရောင်းချမှုရှိနေ

ကျောက်ကြီး စက်တင်ဘာ ၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိဘပြည်သူများအား ဆင်းမ်ကတ်များ ပိုမိုလွယ်ကူစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တန်ဖိုးနည်းဆင်းမ်ကတ်များကို နိုင်ငံတစ်ဝန်းပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာ ၁ ရက်မှစတင်၍ ကျယ်ကျယ်ပြန့်ပြန့်ရောင်းချပေးမည်ဖြစ်ကြောင်း တရားဝင်ကြေညာထားသော်လည်း မန္တလေးမြို့တွင် ငွေဖြည့်ကတ် သုံးသောင်းဖိုးဝယ်မှ ဆင်းမ်ကတ်တစ်ကတ်ရောင်းပေးခြင်း၊ တောင်ငူ၊ ဖြူးမြို့များတွင် ငွေကတ် ငါးထောင်တန်သုံးကတ်ဝယ်မှ ဆင်းမ်ကတ်တစ်ကတ် ရောင်းပေးခြင်း၊ ကျောက်တံခါးမြို့နှင့် အခြားမြို့အတော်များများ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဟန်းဆက်တစ်လုံးဝယ်ယူမှ ဆင်းမ်ကတ်တစ်ကတ်ရောင်းပေးခြင်းများရှိနေပြီး ကျောက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်များတွင် WCDMA ဆင်းမ်ကတ်တစ်ကတ်နှင့် ငါးထောင်တန်ငွေကတ်တစ်ကတ်ကို နှစ်သောင်းဖြင့် ရောင်းချနေကြောင်း မြင်တွေ့နေရသဖြင့် ပြည်သူများ ဆင်းမ်ကတ်ဝယ်ယူရာတွင် အခက်အခဲရှိနေဆဲဖြစ်ပြီး အပြင်မှောင်ခိုဈေးကွက်များ အလုပ်ဖြစ်နေကြောင်း သိရသည်။

**(ပန်းချီသန်းဝင်း)**

# ဒိုက်ဦးမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ ပန္နက်တင်မင်္ဂလာကျင်းပ

ဒိုက်ဦး စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခွဲက ဒိုက်ဦးမြို့နယ်တရားရုံးအတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ပန္နက်တင်ပေးခဲ့သည်။

ထို့နောက် တရားသူကြီးချုပ်သည် မြို့နယ်တရားသူကြီးများ၊ တရားရုံးရှိဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှုများကို ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာစစ်ဆေးပြီးပြတ်စေရေးနှင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရေး၊ ရုံးလုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အလေးထားဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး တရားသူကြီး ဦးအုန်းမြင့်နှင့် ဒုတိယခရိုင်တရားသူကြီး ဦးမြင့်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပဲခူး၊ ဝေါ၊ ညောင်လေးပင်၊ ကျောက်တံခါးမြို့နယ်များမှ မြို့နယ်တရားသူကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ်တရားရုံး)**


# လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် ဝင်ငွေခွန် ထမ်းဆောင်ခြင်း

- မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ဂရုဏာကြေးနှင့် လစာနှင့်လုပ်ခအစားသို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်များမှ ရရှိသည့် ဝင်ငွေတို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ လစာခေါင်းစဉ်မှ ဝင်ငွေတွက်ချက်ရာတွင် နှစ်တစ်နှစ်အတွင်း ရရှိသည့် လစာဝင်ငွေ၊ လစာဝင်ငွေအပြင် ကော်မရှင်ကြေး၊ နှစ်စဉ်ကြေး၊ ပညာရှင်ကြေးတို့ကိုလည်း စုစုပေါင်းလစာဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်မည်ဖြစ်ပါသည်။
- စုစုပေါင်း လစာဝင်ငွေမှ အောက်ပါသက်သာခွင့်များကို နုတ်ပယ်ခွင့် ခွင့်ပြုထားပါသည်-
  - အခြေခံသက်သာခွင့် စုစုပေါင်းဝင်ငွေ၏ ၂၀ ရာခိုင်နှုန်း (ကျပ်သိန်း ၁၀၀ထက် မပိုစေရ)
  - အိမ်ထောင်ဖက်အတွက် သက်သာခွင့်၊ ကျပ် ၅၀၀၀၀၀ (ဝင်ငွေနှစ်အတွင်း မည်သည့်အချိန်၌မဆို မိမိနှင့်အတူနေသည့် သို့မဟုတ် မိမိက စရိတ်ထောက်ပံ့ထားရသည့် အိမ်ထောက်ဖက် တစ်ဦးတည်းဖြစ်ပြီး ထိုဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသူ)
  - သား/သမီးများအတွက် သက်သာခွင့်၊ ကျပ် ၃၀၀၀၀၀(တစ်ဦးလျှင်) (သား/သမီးအရင်း၊ လင်ပါ၊ မယားပါ၊ သား/သမီးနှင့် ဥပဒေနှင့်အညီ မွေးစားသည့် သား/သမီးဖြစ်ပြီး အိမ်ထောင်မရှိသူ၊ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသူ၊ အသက်(၁၈)နှစ်ပြည့်ပြီး ဖြစ်သော်လည်း အချိန်ပြည့် ပညာသင်ကြားလျက်ရှိသူ)
  - ဝန်ထမ်းနှင့် အိမ်ထောက်ဖက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံကိုလည်း သက်သာခွင့်အဖြစ် နုတ်ပယ်ခွင့် ခွင့်ပြုထားပါသည်။ အသက်အာမခံ တစ်မျိုးတည်းအတွက်သာဖြစ်၍ ဝန်ထမ်းနှင့်အိမ်ထောင်ဖက်တို့၏ နှစ်အတွင်း ထည့်ဝင်ရငွေအားလုံးကို နုတ်ပယ်ခွင့်ပြုထားပါသည်။
  - ဝန်ထမ်းအနေနှင့် လူမှုဖူလုံရေး၊ ရန်ပုံငွေသို့ ထည့်ဝင်စုဆောင်းငွေရှိပါက အဆိုပါနှစ်အတွင်း ထည့်ဝင်ငွေအားလုံးကိုလည်း သက်သာခွင့်အဖြစ် နုတ်ပယ်ခွင့်ပြုထားပါသည်
- အခွန်တွက်ချက်မှု(နမူနာ)မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တစ်လ လစာ ၃၀၀၀၀၀ကျပ်၊ ထောက်ပံ့ငွေ ၃၀၀၀၀ကျပ် ရရှိသူတစ်ဦးသည် အိမ်ထောင်ဖက်ရှိပြီး၊ (၁၈)နှစ်အောက်သား/သမီး (၂)ဦးရှိပါသည်။ ထိုအရာရှိကြီးအတွက် ကျသင့်အခွန်တွက်ချက်မည်ဆိုပါက-

လစာဝင်ငွေစုစုပေါင်း

| | |
|---|---|
| - တစ်လ လစာ ၃၀၀၀၀၀ဖြင့် ၁၂လ အတွက် | = ၃၆၀၀၀၀၀ |
| - ထောက်ပံ့ကြေးငွေ ၃၀၀၀၀ဖြင့် ၁၂လ အတွက် | = ၃၆၀၀၀၀ |
| စုစုပေါင်းလစာဝင်ငွေ | = ၃၉၆၀၀၀၀ |






(နုတ်)သက်သာခွင့်များ

| | | |
|---|---|---|
| - အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်) | = ၇၉၂၀၀၀ | |
| - အိမ်ထောင်ဖက်အတွက် | = ၅၀၀၀၀၀ | |
| - သား/သမီး(၂)ဦးအတွက် | = ၆၀၀၀၀၀ | |
| | = ---------- | = ၁၈၉၂၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | = ၂၀၆၈၀၀၀ |

အခွန်တွက်ချက်ခြင်း

၁ ကျပ်မှ ၂၀၀၀၀၀၀ ထိ ပထမ ၂၀၀၀၀၀၀ အတွက် ၀%ဖြင့်

၂၀၀၀၀၀၁ ကျပ်မှ ၂၀၆၈၀၀၀ ထိ ကျန် ၆၈၀၀၀ အတွက် ၅%ဖြင့် ၃၄၀၀

တစ်နှစ်အတွက် စုစုပေါင်းကျသင့်အခွန် ၃၄၀၀

တစ်လအတွက် နုတ်ယူရမည့်ကျသင့်အခွန် ပျမ်းမျှ ၂၈၃ ကျပ်

- လစာထုတ်ပေးရန် တာဝန်ရှိသူသည် တစ်နှစ်လုံးအတွက်ရရှိမည့် လစာအပေါ် ကျသင့်မည့် ဝင်ငွေခွန်မှ တစ်လပျမ်းမျှ ကျသင့်အခွန်ကို ဖြတ်တောက်ခုနှိမ်ထားပြီးမှ လစာထုတ်ပေးရန်ဖြစ်ပြီး သက်ဆိုင်ရာလအတွက် နုတ်ယူထားသည့် ဝင်ငွေခွန်များကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ လစာထုတ်ပေးသည့်နေ့တွင်ပင် ငွေသွင်းချလန်ဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

ပြည်တွင်အခွန်များဦးစီးဌာန

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အမှတ်(၈၀-က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ကျောင်းတိုက်တည် ငွေရတုအထိမ်းအမှတ်စာစောင်အတွက် စာမူဖိတ်ခေါ်ခြင်း


ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ကြီးသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို တည်ထောင်၍ ပရိယတ် မကင်းသော ပဋိပတ်၊ ပဋိပတ်မကင်းသော ပရိယတ်လမ်းစဉ်ဖြင့် မြတ်ဗုဒ္ဓနည်းကျ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒတော်အတိုင်း သာသနာ့ အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ ငွေရတုတိုင်ပါတော့မည်။

ဓမ္မရသ၊ ဓမ္မဩဇာများကို သောက်သုံးခွင့်ရခဲ့ကြသူ ပဏ္ဍိတာရာမ ဓမ္မသွေးနှင့်ဆက်စပ်ခဲ့ကြဖူးသော ရဟန်း၊ ရှင်၊ လူ ယောဂီများ၊ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းသူ/သားများ၊ စာသင်သားတရားစခန်းပွဲယောဂီများနှင့် ကာယအား၊ ဉာဏအား၊ ဓနအားတို့ဖြင့် ချီးမြှင့်ထောက်ပံ့ခဲ့ကြသော အသိပညာရှင်၊ အတတ်ပညာရှင်များ ထံမှ စာမူများကို ဖိတ်ခေါ်ကြိုဆိုလျက်ရှိပါသည်။

ပဏ္ဍိတာရာမနှင့် ပတ်သက်သော ဆောင်ပါး၊ ရတု၊ တေးထပ်၊ ကဗျာ၊ ဓာတ်ပုံနှင့် တရားအားထုတ်ခဲ့ရသော ကိုယ်တွေ့အကျိုးကျေးဇူးများ၊ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း၏ ကိုယ်တွေ့အကျိုးထူးများ စသည်တို့ကို ပေးပို့နိုင်ပါသည်။

စာမူနောက်ဆုံးပေးပို့ရက် - ၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်။
- ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်(အင်္ဂါနေ့)

စာမူပေးပို့ရမည့်လိပ်စာ - ငွေရတုစာစောင်ဖြစ်မြောက်ရေးကော်မတီ
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အမှတ်(၈၀-က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၄၂၇၇၉၉၊ ၀၉-၄၄၈၀၀၇၃၉၃၊
၀၉-၅၃၀၂၀၀၈၊
ရုံးဖုန်း-၀၁-၅၃၅၄၄၈၊ ၀၁-၇၀၅၅၂၅
**recollectedmoments@gmail.com**



**Custom ID နှင့် အိတ်ပိတ်ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်မိုးမိုးအောင်[12/Ta Ma Na(N)009083]ပိုင်ဆိုင်သော Toyota Probox, 2009MDL, 1300CC, Chassis No.[NCP 50-0095156] ID အမှတ်(744548), ISP-IDVY8-14-15 4805, မော်တော်ယာဉ်၏စာရွက်စာတမ်းများဖြစ်သော [Permit, BL, Custom Statement Original]မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**Ph:09-420248054, 09-43143432**

# ဇာတ်ကားသစ်တွင် ရိန်းနှင့်အတူ မြင်တွေ့ရမည့် ခရစ္စတယ်

တောင်ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ f(x)မှ အဖွဲ့ဝင်တေးသံရှင်တစ်ဦးဖြစ်သည့် ခရစ္စတယ်က စက်တင်ဘာလလယ်တွင် အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှထုတ်လွှင့်ပြသမည့် My Lovely Girl အမည်ရှိ ဒရာမာဇာတ်ကားသစ်တွင် ရုပ်ရှင်ငွေကြယ်ပွင့် ရိန်းနှင့်အတူ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် အောင်မြင်သောတေးသံရှင်တစ်ဦးဖြစ်လိုသည့်ဆန္ဒဖြင့် မြို့သို့ပြောင်းရွှေ့လာသူအမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည့် ခရစ္စတယ်က "ကျွန်မဟာ အဆိုတော်တစ်ဦးဖြစ်တဲ့အတွက် ဂီတလောကကို ကျောရိုးခံရိုက်ကူးထားတဲ့ဒီဇာတ်ကားရဲ့ ဇာတ်ညွှန်းကို စဖတ်မိကတည်းက စိတ်ဝင်စားခဲ့တာပါ။ ချစ်စဖွယ်ဇာတ်ရုပ်ကို သရုပ်ဆောင်ချင်ပေမယ့် ဒီဇာတ်ကားမှာ အခက်အခဲအားလုံးကို ကျော်လွှားပြီးအိပ်မက်ကို အကောင်အထည်ဖော်တဲ့ စိတ်ဓာတ်ခိုင်မာတဲ့အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်ထားပါတယ်"ဟု ပြောကြားခဲ့သည်။



# စီအမ်အေဆုပေးပွဲမှ ဆန်ခါတင်ကိုးဆုရှင် မိုင်ရန်ဒါလမ်းဘတ်



အမေရိကန်ကန်းထရီးဂီတကြယ်ပွင့် မိုင်ရန်ဒါလမ်းဘတ်အား တစ်နှစ်တာအကောင်းဆုံးအနုပညာရှင်ဆုအပါအဝင် စီအမ်အေဆုကိုးဆုအတွက် ဆန်ခါတင်ရွေးချယ်ခံထားရကြောင်းသိရသည်။

ကန်းထရီးဂီတအစည်းအရုံးမှ အဖွဲ့ဝင်များ၏ မဲပေးရွေးချယ်မှုဖြင့် ကန်းထရီးတေးသံရှင်များနှင့် ထုတ်လွှင့်သူများကို နှစ်စဉ်ချီးမြှင့်လေ့ရှိသည့် အဆိုပါဆုပေးပွဲကို အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ တန်နက်စီပြည်နယ်၏ မြို့တော်နက်ရှ်ဗီလီ၌ နိုဝင်ဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

တေးသံရှင်မိုင်ရန်ဒါလမ်းဘတ်သည် ၂၀၁၃ ခုနှစ်က စီအမ်အေ၏ အကောင်းဆုံးအမျိုးသမီးအသံပိုင်းဆိုင်ရာဆုရရှိဆွတ်ခူးခဲ့ပြီး ယခုနှစ်တွင်လည်း ယင်းဆုအပါအဝင် ယခုနှစ်ဆန်းပိုင်းထွက်ရှိခဲ့သည့် Platinum အယ်လ်ဘမ်ဖြင့် Album of the Year ဆု အပါအဝင် ဆုကိုးဆု ဆန်ခါတင်ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

# ပေါက်မြို့နယ်မှ လူကုန်ကူးခံရသူများအား အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်မည်

**ပခုက္ကူ စက်တင်ဘာ ၄**

ပေါက်မြို့နယ် သက္ကယ်ကျင်းကျေးရွာအုပ်စု သက္ကယ်ကျင်းကျေးရွာမှ လူကုန်ကူးခံရသူ ၁၂ ဦးတို့သည် ယမန်နေ့နံနက်တွင် မန္တလေးမှ ပခုက္ကူသို့ ရောက်ရှိလာကြောင်း သိရသည်။

သို့ဖြင့် ယင်းနေ့ ၁၁ နာရီတွင် ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေါက်မြို့နယ် သက္ကယ်ကျင်းကျေးရွာအုပ်စု သက္ကယ်ကျင်းကျေးရွာမှ လူကုန်ကူးခံရသူ (ကျား/မ)၁၂ ဦးတို့အား ပြန်လည်လက်ခံလွှဲပြောင်းခြင်း အခမ်းအနားကို ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးသန်းဆွေ၊ ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဒုဥက္ကဋ္ဌ(ခရိုင်ရဲတပ်ဖွဲ့မှူး) ဒုရဲမှူးကြီးလှဝင်းတို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆောင်ရွက်မှုလုပ်ငန်းများနှင့် လူကုန်ကူးခံရသူများအား မိမိဆွေမျိုးသားချင်းသဖွယ်သဘောထားပြီး အခြားပြင်ပနိုင်ငံများသို့ လူကုန်ကူးခြင်းမခံရစေရန် မိမိတို့မှ ကူညီစောင့်ရှောက်ပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးခင်မောင်ဝင်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများအကြောင်း ရှင်းလင်းပြောကြားခြင်း၊ ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင် ခရိုင်လဝကမှူး ဦးသိန်းဝင်းက လဝကဥပဒေများအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားခြင်း၊ ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေက လူကုန်ကူးခံရသူ ၁၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ ထောက်ပံ့ခြင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးက တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ စီ ထောက်ပံ့ခြင်းနှင့် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်က ခေါက်ဆွဲကြော်၊အချိုရည်ဘူး၊ ရေသန့်ဘူးများ ဝေငှပေးခဲ့ပြီး လူကုန်ကူးခံရသူ ၁၂ ဦးအားပေါက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက တစ်ဆင့်မိဘအုပ်ထိန်းသူများထံ ဆက်လက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**

# ပဲခူးခရိုင် လဝကအမှုထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ပဲခူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု(Third Wave)လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဩဂုတ် ၃၁ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတွင် စာရေးဆရာ ဦးကျော်ကျော်လှိုင်(MD. Smart Group)မှ ခေါင်းဆောင်မှု၊ စွမ်းဆောင်ရည်နှင့်အောင်မြင်မှုနည်းများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းလက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်သူဇာကျော်နှင့် ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းဥက္ကဋ္ဌ ဦးထိုက်လင်းတို့က e-Government ဆိုင်ရာ သိသင့်သိထိုက်သည်များကို လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းငွေနှင့် ပဲခူးခရိုင်ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းတို့က ဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးပို့ချခဲ့ပြီး အဆိုပါ သင်တန်းအား ပဲခူးခရိုင်အတွင်းရှိ အမှုထမ်း သင်တန်းသား သင်တန်းသူ ၉၁ ဦး တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

**(ဝ၇၅)**

**လူကုန်ကူးမှုအန္တရာယ်**
**တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်**




မွေးနေ့မင်္ဂလာဆုတောင်းလွှာ

Coca Suki Restaurant
One for One free
( Suki Buffet for next visit adult only)
Reservation
Address :

# သံလွင်ကွန်ဒို Than Lwin Condo





*Best, simply...*



- ရန်ကုန်မြို့ အိမ်မြေ(၁)နေရာ အင်းယားလမ်းပေါ် (သစ်သီးတန်းအနီး)။
- ၂၈၀၀ စတုရန်းပေ ကျယ်ဝန်းသည့် (၁)လွှာတွင် (၁)ခန်းသာ ဖွဲ့စည်းထားသည်။ (ရေချိုးခန်းအိမ်သာတွဲလျက်အိပ်ခန်း(၄)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ အိမ်အကူအခန်းနှင့် ဝရန်တာ)
- ဘုရားခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းများမှ ရွှေတိဂုံစေတီတော်မြတ်ကြီး အားကြည်ညိုဖူးမြော်နိုင်သည်။ အလင်းရောင် ပေါလောကောင်းသည့် ခေတ်မီဆန်းသစ်သော အခန်းများကို နိုင်ငံတကာအဆင့်မီ ဖွဲ့စည်းထားသည်။
- ဆောက်လုပ်ရေးလုပ်ငန်းများ (၇၀)ရာခိုင်နှုန်း ပြီးစီးနေပြီး (၁၀)လ အတွင်းအပြီး နေထိုင်နိုင်မည်။
- ဓါတ်လှေကား၊ ကားပါကင်နှင့် အခြား facility များကို စီမံခန့်ခွဲမှု အစီအစဉ်များပါဝင်သည်။
- ဘိုးဘွားပိုင်မြေပေါ်တွင် တည်ဆောက်ထားသည်။

- Best Location in town, On Inya Road (Near fruit market)
- Spacious apartment with 4-bedrooms (bathrooms attached), Study, Shrine, Living, Dinning, Kitchen, Maid room and Balcony, Only 1 unit per floor (2800 sqft per 1 unit)
- Splendid view – View to famous Shwe Dagon Pagoda, Apartment is composed of bright rooms, Laid out in a contemporary style
- 10 months till completion
- Lift, car parking & facilities management are included
- Freehold land

**GREEN VISION Construction Co., Ltd.**

No. 470, Thitsar Road, South Okkalapa Tsp.
Yangon, Myanmar

+95-1-1220851
+95-9-421057251
+95-9-254854952

# ကျောက်ပန်းတောင်းမြို့နယ်တွင် လျှပ်စစ်မီးမရှိသေးသောကျေးရွာများ မီးလင်းရေး နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ အရစ်ကျစနစ်ဖြင့် ရောင်းချ

**ကျောက်ပန်းတောင်း၊ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်း မရှိသေးသည့် ကျေးရွာများအတွက် စကားဝါမြေဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများနှင့် မီးချောင်းများအား အရစ်ကျစနစ်ဖြင့် ဖြန့်ဝေခြင်းအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကျောက်ပန်းတောင်းမြို့၊ မြို့ဦးအောင်စေတီပရိဝုဏ်ရှိ စကားဝါဗိမာန်တော်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ စကားဝါမြေဖောင်ဒေးရှင်းနာယက သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ခရိုင်/မြို့နယ် တာဝန်ရှိသူများနှင့် Knolodge Nugget ကုမ္ပဏီမှတာဝန်ရှိသူများ၊ စကားဝါမြေဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားမစတင်မီ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဧည့်သည်တော်များက ကုမ္ပဏီမှ ခင်းကျင်းပြသထားသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ ကုမ္ပဏီတာဝန်ရှိသူက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ စကားဝါမြေဖောင်ဒေးရှင်းနာယက၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေတို့က အဖွင့်အမှာစကားများပြောကြားကြသည်။

ထို့နောက် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ဒေသတွင်းနွားစာခက်ခဲရှားပါးမှုမရှိစေရေးအတွက် နေပီယာမြက်မျိုးများ စမ်းသပ်စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး စကားဝါမြေဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ကြည်က ကျေးလက်ဒေသမီးလင်းရေးအတွက် ဖောင်ဒေးရှင်းအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုမ္ပဏီတာဝန်ခံက နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ ကိုင်တွယ်သုံးစွဲနည်းကို ရှင်းလင်းတင်ပြပြီးနောက် ကျေးရွာအုပ်စုများကို ၎င်းတို့အဆိုပြုတောင်းခံသည့် စာရင်းအတိုင်း ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ရာ ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ကျေးရွာပေါင်း ၁၀၉ ရွာမှ အိမ်ထောင်စု ၃၃၃၈ အတွက် ကျပ်ငွေ ၂၅၀၀၀ တန် ၁၀၀၈ ခုနှင့် ကျပ်ငွေငါးသောင်းတန် ၂၃၃၀ ခုတို့ကို ကျေးရွာအုပ်စုအလိုက် ပေးအပ်သည်။



အဆိုပါပစ္စည်းများအတွက် ကျသင့်သည့် တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၄၀၀ ကျော်ကို စကားဝါမြေဖောင်ဒေးရှင်းမှ ယာယီစိုက်ထုတ်ထားခြင်းဖြစ်ကြောင်းသိရသည်။

ကုမ္ပဏီသို့ အတိုးမဲ့ ၁၂ လပေးဆပ်ရမည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများမှာ သက်သာသောနှုန်းထားဖြင့် နေရောင်ခြည်စွမ်းအင်သုံးမီးများကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ရမည်းသင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး လျှပ်စစ်ဓာတ်အားလိုင်း ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ

**ရမည်းသင်း၊ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မြို့နယ်လုံးကျွတ် လျှပ်စစ်မီးလင်းရေးစီမံချက်ဖြင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်လှစ်ပွဲကို ထီးလှိုင်ကျေးရွာ၊ ဥသျှစ်ကုန်းကျေးရွာ၊ အင်ကြင်းကန်ကျေးရွာ၊ စည်ပင်ကျေးရွာနှင့် တဘက္ကာကျေးရွာများတွင် ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူး ဦးလှထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ထီးလှိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးလျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲကို တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ တိုင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး တိုင်းအင်ဂျင်နီယာက လျှပ်စစ်ဓာတ်အားလိုင်း စက်ခလုတ်နှိပ်၍ စတင်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းလျှပ်စစ်နှင့် စက်မှုဝန်ကြီးက အမှာစကားပြောကြားပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းနိုင်က ကျေးဇူးတင်စကားပြောကြားကာ လျှပ်စစ်မီးလင်းရေးကော်မတီဝင်များက အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းလျှပ်စစ်နှင့်စက်မှုဝန်ကြီးနှင့် အဖွဲ့တို့သည် နံနက် ၁၀ နာရီခွဲတွင် ဥသျှစ်ကုန်းကျေးရွာ၊ နံနက် ၁၁ နာရီခွဲတွင် အင်ကြင်းကန်ကျေးရွာ၊ မွန်းတည့် ၁၂ နာရီခွဲတွင် စည်ပင်ကျေးရွာနှင့် မွန်းလွဲ ၂ နာရီတွင် တဘက္ကာကျေးရွာများရှိ ထရန်စဖော်မာများရှေ့တွင် ဖွင့်ပွဲအခမ်းအနားများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

# လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ် ဆင့်ပွားသင်တန်း သန်လျင်တွင်ဖွင့်လှစ်

**သန်လျင်၊ စက်တင်ဘာ ၄**

လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီး၍ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစီအစဉ်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားခြင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ခံဆရာဦးအောင်နိုင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။


အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ပြီး အဆိုပါသင်တန်းဖွင့်ရခြင်းမှာ သက်ကြီးဘိုးဘွားများ ပြုစုစောင့်ရှောက်ရေး၊ ကလေးသူငယ်များ စာရိတ္တမြင့်တင်ရေး၊ လူငယ်များ အလေအလွင့်မရှိရေး၊ လူကုန်ကူးမှု ကာကွယ်ရေး၊ မူးယစ်ဆေးဝါး တားဆီးရေးတို့အတွက် လူမှုစောင့်ရှောက်ရေးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

**တင်မောင်ငွေ(သန်လျင်)**


## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-1D/6056 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၀၂၁)၊ မြေကွက်တည်နေရာအမှတ်(၁၀၂၁)၊ (၁၇)လမ်း၊ (၇)ရပ်ကွက်၊ တ/ဥမြို့နယ်၊ ဒေါ်သန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းမြင့်(မိခင်) ဦးသိန်းရွှေ(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးကိုကိုလေးမှ ၁၉၉၇ ခုနှစ်က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခဲ့သော ဦးသန်းထွန်း၊ ကိုမြင့်လွင်နှင့် ဦးတင်ထွန်းတို့မှာ ၎င်းနှင့်ဖအေတူမအေကွဲ ညီအစ်ကိုမောင်နှမများဖြစ်ကာ ဖခင်(ဦးသိန်းရွှေ)ဘက်မှပါလာသော သားများဖြစ်ကြောင်း၊ ၎င်းတစ်ဦးတည်းသာ ဖခင်(ဦးသိန်းရွှေ) မိခင်(ဒေါ်သန်းမြင့်)တို့မှ နှမစုံမွေးတစ်ဦးတည်းသော သားအရင်းဖြစ်ကြောင်း ယခင်ကူးယူခဲ့သော ပိုင်ဆိုင်ကြောင်းမြေပုံမူရင်းအား ပြန်လည်အပ်နှံ၍ အရောင်းအဝယ်စာချုပ်ရန် မူရင်းမှာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး၊ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၇

ဦးမျိုးမင်းထွန်း (တရားလို) နှင့် ဦးစော (တရားပြိုင်)

ဦးစော၊ မ ၉၃၁၊ ခရေလမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (၁၃၇၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက် တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အဆိုပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်သန်းဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ကြည့်မြင်တိုင်မြို့နယ်တရားသူကြီးရုံး

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်(၂၀)

ဦးဝင်းနိုင် (တရားလို) နှင့် ၁။ ဦးကျော်ဦး ၂။ ဦးစိန်လင်း ၃။ ဒေါ်ကျင်ဟုတ် ၄။ ဒေါ်ကျင်စိန် (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၆၈)နေ (ယခုနေရပ်လိပ်စာမသိသူများ)ဖြစ်သော ဦးစိန်လင်း၊ ဒေါ်ကျင်ဟုတ်၊ ဒေါ်ကျင်စိန်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အမှုများကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် (၁၃၇၆ ခုနှစ် တော်လသင်းလပြည့်ကျော် ၄ ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုစာချုပ်စာတမ်းများနှင့် သက်သေထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်း ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(နွဲ့နွဲ့ရီ)
မြို့နယ်တရားသူကြီး၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံး

# စစ်မှုထမ်းဟောင်း သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**ရန်ကုန်၊ စက်တင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများဖြစ်သော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရပ်ကွက်စည်းရုံးရေးမှူးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ စုစုပေါင်းအင်အား ၂၀၀ ကျော် တက်ရောက်လာကြပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးထွန်းအေးက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ငွေက စစ်မှုထမ်းဟောင်း ဗဟိုဌာနချုပ်မှချီးမြှင့်သော ထောက်ပံ့ငွေများကို မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှတစ်ဆင့် ပြန်လည်ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများကို စာရင်းကောက်ယူရာတွင် မူလတန်း ၂၉ ဦး၊ အလယ်တန်း ၃၂ ဦး၊ အထက်တန်း ၄၄ ဦး စုစုပေါင်း ၁၀၅ ဦးရှိကြောင်း ပြောကြားသည်။

ထို့နောက် မူလတန်းတစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းတစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှုန်း၊ အထက်တန်းတစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် အသီးသီးထောက်ပံ့ပေးကာ အဆိုပါထောက်ပံ့ငွေများကို မိဘများကိုယ်တိုင် လက်မှတ်ရေးထိုး ရယူကြကြောင်း သိရသည်။

**ဦးမြချစ်**

## မွှေ့လယ်ဘူတာရှိ စာပေရေချမ်းစင်တွင် ဖတ်ရှုသူများ

**ဂန့်ဂေါ၊ စက်တင်ဘာ ၄**

ဂန့်ဂေါမြို့နယ် မွှေ့လယ်ဘူတာမှ စာပေရေချမ်းစင်တွင် အများပြည်သူများ စိတ်ဝင်တစားဖတ်ရှုလေ့လာကြကြောင်းသိရသည်။ မွှေ့လယ်ဘူတာသို့ မွှေလယ်ကျေးရွာသာမက အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ရေရှင်မ၊ မိုးစိုရွာဟောင်း၊ မိုးစိုရွာသစ်၊ သာစည် စသည့်ကျေးရွာပြည်သူများပါ ရထားဖြင့်လိုက်ပါရန်၊ ခရီးသည်ကြိုရန်နှင့် ခရီးသည်ပို့ရန်ရောက်ရှိကြရာ အဆိုပါဘူတာတွင်ထားရှိသည့်အတွက် အလွယ်တကူ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ “ပြန်/ဆက်ဌာနက စာပေရေချမ်းစင်လာထားတော့ ကျွန်တော်တို့ စာပေကို လွယ်လွယ်လေ့လာလို့ရတယ်။ လစဉ် စာစဉ်အသစ်တွေတင်ပေးတော့ အဆက်မပြတ်ဖတ်ရပါတယ်။ စာပေဝါသနာပါသူအတွက် အင်မတန်ကို အဆင်ပြေပါတယ်”ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။ **(၄၆၅)**

# ဖျာပုံဈေးကွက်တွင် ဘော့ချိတ်ပုစွန်ခြောက်များ အမြင့်ဆုံးဈေးဖြင့် ဈေးကောင်းနေ

**ဖျာပုံ၊ စက်တင်ဘာ ၄**

ဖျာပုံဈေးကွက်တွင် ဘော့ချိတ်ပုစွန်ခြောက် အကောင်းဆုံးတစ်ပိဿာ ကျပ် ၃၈၀၀၀ မှ ကျပ် ၄၂၀၀၀ အထိရှိနေပြီး ဖျာပုံမြို့နယ်အတွင်း ပုစွန်ခြောက်များကို မြို့ကုန်းကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ဖိုးဘကုန်းကျေးရွာနှင့် ဆိပ်မကျေးရွာတစ်ဝိုက် ချောင်းဖျားတွင် ပိုက်ချက်လုပ်သူများက ပုစွန်ခြောက်ထုတ်လုပ်ရောင်းချကြောင်း သိရသည်။

မြို့ကုန်းကျေးရွာအနီး ပိုက်ချက်လုပ်သူတစ်ဦးက မိုးတွင်း၌ ပုစွန်ခြောက်လုပ်ရာတွင် ထင်းဖြင့်ကျပ်တိုက်ရ၍ ငွေပိုကုန်ကြောင်း၊ စားသုံးရာတွင်လည်း ကျပ်နံ့ထွက်တတ်ကြောင်း၊ ပွင့်လင်းရာသီတွင် နေလှန်းအခြောက်ခံရာ ငွေကုန်သက်သာသည့်အပြင် လူပါအလုပ်သက်သာကြောင်း၊ စားသုံး၍လည်း ပိုကောင်းကြောင်းပြောသည်။

၎င်းကပုစွန်ခြောက်ပြုလုပ်ရာတွင် အကြော့(ပဲနပြား) နှင့် ဘော့ချိတ်များသာ အရည်အသွေးကောင်းကြောင်း၊ ပုစွန်များအစိမ်းအတိုင်းရောင်းခြင်းက ပိုကောင်းကြောင်း၊ ဈေးကွက်ရှိရာသို့ မိမိလုပ်ငန်းခွင်နှင့် သွားလာမှုအခက်အခဲများကြောင့်သာ ပုစွန်ခြောက်ပြုလုပ်ရကြောင်း၊ ပုစွန်ခြောက်ဈေးမြင့်နေသော်လည်း ပုစွန်စိမ်းရောင်းခြင်းနှင့် ပုစွန်ခြောက်ပြုလုပ်ရောင်းခြင်းမှာ အကျိုးအမြတ်မကွာကြောင်း ၎င်းကဆက်လက်ပြောသည်။

ကျောင်းကုန်းကျေးရွာအနီး ပိုက်ချက်လုပ်သူတစ်ဦးကလည်း ပုစွန်ခြောက်ပြုလုပ်ရာတွင် ဆားအနေတော်ထည့်ပြီး ရေဖြင့်ပုစွန်ကို အရင်ပြုတ်ရကြောင်း၊ ၎င်းနောက် နေ သို့မဟုတ် မီးဖြင့် ကျပ်တိုက်ရကြောင်း၊ ၎င်းနောက် ပုစွန်ခြောက်သန့်စင်ရန် အခွံများချွတ်ပစ်ရကြောင်း၊ အမြီးကျိုး၊ ခေါင်းကျိုး၊ အသားကျိုးနှင့် ပုစွန်ဖွဲများထွက်ရှိလာပြီး သူ့ဈေးနှင့်သူ ရောင်း၍ရကြောင်း၊ ပုစွန်အစိုတစ်ပိဿာလျှင် ပုစွန်ခြောက် ၁၂ ကျပ်ခွဲသာရကြောင်း၊ သန့်စင်ပြီး ပုစွန်ခြောက်တစ်ပိဿာရရှိရန် ပုစွန်အစို ရှစ်ပိဿာခန့် ပြုလုပ်ရကြောင်း၊ ပုစွန်အစို ဒေသပေါက်ဈေး ရေငယ် (ရေသေ)ပတ်တွင် ကျပ် ၅၀၀၀၊ ရေကြီး (ရေထ)ပတ်တွင် ကျပ် ၃၅၀၀ မှ ကျပ် ၄၀၀၀ ဈေးရှိကြောင်းပြောသည်။

“ရေငယ်ပတ်ပုစွန်ခြောက်လုပ်ရင် အရင်းသာရပြီး ရေကြီးပတ်ပုစွန်ဈေးသက်သာလို့ အမြတ်ရပါတယ်။ ကျွန်တော်တို့ထက် ရောင်းဈေးအကျိုးအမြတ်ရှိသူကတော့ ပုစွန်ခြောက်လာကောက်သူနဲ့ မြို့မှာဆိုင်ဖွင့်ရောင်းချနေသူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရောင်းဈေး ပုစွန်ခြောက်တစ်ပိဿာ ကျပ် ၃၈၀၀၀ ကနေ ၄၀၀၀၀ ကျပ်ရပါတယ်။ မြို့ဈေးကွက်မှာ တစ်ပိဿာ အမြတ် ကျပ် ၅၀၀၀ အနည်းဆုံး ဈေးတင်ရောင်းနေကြပါတယ်” ဟု ၎င်းကပြောသည်။



ပုစွန်များ ဖမ်းဆီးနေသည့် ပိုက်ချက်များကို လေ့လာ၍ မှတ်ချက်ပြုမိသည်မှာ ပုစွန်ခြောက်လုပ်ငန်းသည် တစ်ပိုင်တစ်နိုင် မိသားစုလုပ်ငန်းများသာဖြစ်ပြီး ၁၉၉၀ ခုနှစ် ခန့်က ဖျာပုံမြို့နယ်တွင် ပုစွန်ခြောက်ပြုလုပ်ရန်နှင့် ဘေးထွက်ပစ္စည်းများ တိရစ္ဆာန်အစာတောင့် ပြုလုပ်ရန် စက်ရုံတစ်ရုံကို ပုဂ္ဂလိကကုန်သည်တစ်ဦးက တည်ဆောက်ခဲ့သည်။ တစ်နှစ်အကြာ ကုန်ကြမ်းအခက်အခဲကြောင့် စက်ရုံကို ဖျက်သိမ်းခဲ့ရသည်။

ပုစွန်ခြောက်လုပ်ငန်းသည် နိုင်ငံတကာဈေးကွက်အရောက် ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းတစ်ရပ်အဖြစ် ကုန်ကြမ်းအခက်အခဲကြောင့် ဖြစ်မလာနိုင်ကြောင်းနှင့် ပုစွန်ခြောက်ဈေးမြင့်နေ၍ အခြေခံလူတန်းစားတို့ စားသုံးရန် လက်လှမ်းမမီသော်လည်း ထာဝရဂုဏ်ယူဖွယ်ရာ တန်ဖိုးရှိသည့် လက်ဆောင်ပစ္စည်းအဖြစ် ဖျာပုံပုစွန်ခြောက်မှာ စာရင်းဝင်နေမည်ဖြစ်ကြောင်း ယင်းမြို့တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ဖျာပုံမြို့နယ်မှထွက်ရှိသည့် ဒေသထွက်ကုန်များတွင် ပုစွန်ခြောက်ကို ဟင်းခပ်(အချိုမှုန့်)အဖြစ်လည်းကောင်း၊ ကြက်သွန်နီ၊ ဆီတို့ဖြင့် သုပ်စားရာတွင်လည်းကောင်း၊ အသုပ်အမျိုးမျိုးတွင် ပုစွန်ခြောက်အမှုန့်ထည့်၍ လည်းကောင်း၊ လက်ဖက်တွင် အမှုန့်နှင့် အကောင်လိုက်ထည့်၍သော်လည်းကောင်း စားသောက်ကြရာတွင် အရသာထူးကဲကောင်းမွန်လှသဖြင့် ကလေး၊ လူကြီး၊ သက်ကြီးရွယ်အိုအဆုံး ကြိုက်နှစ်သက်ကြသည်။

အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ဖျာပုံမြို့သို့ ဌာနတာဝန်ဖြင့် သို့မဟုတ် အလည်အပတ်သွားမည်ဆိုလျှင် အမှတ်တရ လက်ဆောင်ပစ္စည်းအဖြစ် ပုစွန်ခြောက်ကို အဓိကထား မှာယူတတ်ကြသည်။

ဖျာပုံပုစွန်ခြောက်ဈေးကွက်တွင် ရေချိုပုစွန်ခြောက်၊ ရေငန်ပုစွန်ခြောက်နှင့် ရေချို၊ ရေငန် ရောစပ်ထားသည့် ပုစွန်ခြောက်များရှိကာ ရေချိုပုစွန်ခြောက်သည် စားသုံးရန် အကောင်းဆုံးဖြစ်ပြီး ရေငန်ပုစွန်ခြောက်သည် ဈေးသက်သာသည်။

စားသုံးရာတွင် အငန်ဓာတ်ရှိသည့်အတွက် နယ်ခံများအနေဖြင့် စားသုံးခြင်းမပြုဘဲ အလှူမင်္ဂလာပွဲများတွင် ငံပြာရည်အား ချက်ပြုတ်လုပ်သည့်အခါ သုံးစွဲလျက်ရှိသည်။

ဖျာပုံမြို့သည် ဆန်၊ စပါး၊ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြုပြင်ပြောင်းလဲထုတ်လုပ်ထားသည့် ပုစွန်ခြောက်၊ ငါးခြောက်မျိုးစုံ၊ မျှင်ငါးပိနှင့် ရေချိုငါးပိစသည့် စားသောက်ဖွယ်ရာများ အဓိကထွက်ရှိသည့်အတွက် မြန်မာနိုင်ငံအောက်ပိုင်းတွင်သာမက အထက်မြန်မာပြည်အထိ လူသိများသောမြို့ ဖြစ်သည်။

**အောင်ဝင်း(ဖျာပုံ)**


## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၇၄၂၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အိမ်အမှတ်(၁၀၇)တည်ရှိရာ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁- အက်(ဖ်)၊ မြေကွက်အမှတ်(၉၈)၊ မြေရှင်အမည်ပေါက် ဦးဘခင်၏ (၂၅'-၀"× ၅၀'-၀") အကျယ်အဝန်းရှိ ဂရန်မြေပေါ်၌ ရှိသော အဆောက်အအုံနှင့် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်သည် ကွယ်လွန်ပြီးသူ ဦးဘခင်၏ သား/သမီးများနှင့် သက်ဆိုင်ပိုင်ဆိုင်နေသည့် အမွေစားအမွေခံများ ဖြစ်ကြပါသည်။ ၎င်းအနက် သမီးဖြစ်သည့် ကွယ်လွန်သူ ဒေါ်လှလှခင်မှာလည်း အမွေစားအမွေခံဆိုင်သူတစ်ဦးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးဘခင်၏ သား/သမီးများမှလည်းကောင်း (သို့မဟုတ်) သားသမီးတစ်ဦးတစ်ယောက်၏ သဘောတူညီခွင့်ပြုချက် မရရှိဘဲ အထက်ဖော်ပြပါ မြေကွက်၊ အဆောက်အအုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တစ်ဆင့်လွှဲပြောင်း ရောင်းချခြင်း၊ အမည်ပြောင်းခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်း၊ ပေးကမ်းခြင်း၊ လျှုဒါန်းစွန့်ကြဲခြင်း စသည်ဖြင့် တစ်နည်းနည်းအရ လွှဲပြောင်းခြင်းများကို မပြုလုပ်ကြရန် တားမြစ်ကန့်ကွက်ကြောင်း အထူးသတိပေး ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
(ဦးစိန်ဝင်း၏ ကိုယ်စားလှယ်စာရရှိသူ
ဦးခင်မောင်ဝင်း)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ဝင်းအောင်(လူမှုထူးချွန်)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၃)
**B.A(Law), LL.B, D.B.L, D.M.L,**
**D.A.Psy WIPO (101) Switzerland**

အမှတ်(၂၅)၊ လမ်း-၁၃၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၂၀၈၉၈၁၊ ၀၉-၂၅၀၁၇၆၉၀၄၊ ၀၉-၉၇၆၁၁
၀၀၂၄ E-mail 009 tinwinaung @ acetopacademy com.

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တံတားမြို့နယ်၊ စစ်တန်းကျေးရွာ၊ အမှတ် ၈၁နေဦးတင်ဝင်း၏သား မောင်အေးမင်းစိုး[၁၂/ကတန(နိုင်)၀၈၇၀၆၀]နှင့် မောင်အေးမင်းထွန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ မောင်အေးမင်းစိုး(ခ)မောင်အေးမင်းထွန်း

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျောက်တံတားမြို့နယ်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

ဒေါ်ဆွေဆွေ (တရားလို) နှင့် ဦးအောင်စိုးမိုး(ခ)မိုးကြီး(ခ)TSAI HSING (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ၄၆လမ်း၊ အမှတ် (၁၆၅) (ပထမထပ်)နေ (ယခုနေရပ်လိပ်စာမသိသူ)ဦးအောင်စိုးမိုး(ခ)ဦးမိုးကြီး(ခ)TSAI HSING သိစေရမည်။ သင့်အပေါ်၌ တရားလို ဒေါ်ဆွေဆွေက လင်မယားကွာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၎င်းအမှုနှင့် စပ်လျဉ်း၍ အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် ) ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်၊ မွန်းမတည့်မီ ၁၀နာရီတွင် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်၏ ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ သင်ထုချေတင်ပြလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဦးအောင်နိုင်စိုး)
ကျောက်တံတားမြို့နယ်တရားသူကြီး၊ ရန်ကုန်တိုင်းဒေသကြီး



# ကနီမြို့နယ် ရဲစခန်းသို့သွားရောက်၍ ရဲဝန်ထမ်းများနှင့် အချုပ်သားများအား စာအုပ်မျိုးစုံ ငှားရမ်းပေး

**ကနီ၊ စက်တင်ဘာ ၄**

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများသည် စက်တင်ဘာ ၂ ရက်က ကနီမြို့နယ်ရဲစခန်းသို့ သွားရောက်၍ ရဲဝန်ထမ်းမိသားစုများနှင့် အချုပ်သားများအား သုတ၊ ရသ စာအုပ်စုံ ၃၀ ကို ငှားရမ်းပေးနိုင်ခဲ့သည်။

ကနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့ပေါ် ရပ်ကွက်နှင့် ဌာနဆိုင်ရာများတွင် တစ်ရက်ငှား၊ တစ်ရက်ပြန်သိမ်း၊ အသစ်ထပ်ငှားစနစ်ဖြင့် စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခဲ့ခြင်းဖြင့် စာဖတ်ရှိန်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စာဖတ်သူများ ပြားလျက်ရှိကြောင်း သိရသည်။

စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သင်းသင်းအေးက မိမိတို့ကြိုက်နှစ်သက်သည့် စာအုပ်များ ငှားရမ်းဖတ်ရှုလိုလျှင် မိမိတို့ ပြန်/ဆက်ရုံးသို့ လာရောက်ငှားရမ်းနိုင်ကြောင်း၊ စာအုပ်ငှားရာတွင် အသင်းဝင်ရန် မည်သည့်ထောက်ခံချက်မျှမလိုဘဲ အမည်စာရင်းပေး၍ တစ်ယောက်လျှင်တစ်အုပ်နှုန်းဖြင့် ငှားရမ်းဖတ်ရှုနိုင်အောင် ဆောင်ရွက်ပေးထားကြောင်း ပြောသည်။

ပြည်သူများ အသိပညာနှင့် ဗဟုသုတရရှိပြီး ဖွံ့ဖြိုးတိုးတက်စေရန် မြို့ပေါ် ရပ်ကွက်နှင့် ဌာနဆိုင်ရာများတွင် ရွေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်းနှင့် ကျေးရွာများတွင်လည်း နံရံကပ်စာပေရေချမ်းစင်များကို ချိတ်ဆွဲဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာ ၄၅ ရွာမှ စပါးစိုက်ခင်းများအား လက်တွေ့စစ်ဆေး၊ ဆေးဖျန်းခြင်းများဆောင်ရွက်

**ပွင့်ဖြူ၊ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာပေါင်း ၄၅ ရွာမှ စပါးစိုက်ခင်းများကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အညီ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး၊ သီးနှံကာကွယ်ရေးဌာနမှ ဝန်ထမ်းများသည် ဦးသန်းဌေး အပါအဝင် စိတ်ပါဝင်စားသည့် ဒေသခံများနှင့်အတူ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ စပါးခင်းများ ပိုးကျခြင်းများကို လက်တွေ့စစ်ဆေးခြင်း၊ ပိုးကျနေမှုအပိုင်းများကို လက်တွေ့ဆေးဖျန်းခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယင်းပွင့်ဖြူမြို့နယ် ညောင်ခြံအုပ်စုနှင့် သရက်တောအုပ်စု၊ သဖန်းတန်းကျေးရွာမှ ဦးမြင့်အောင်နှင့် ဦးသန်းဌေးတို့က စပါးစိုက်ကွက်များတွင် ဆစ်ပိုး ၁၁ ဒသမ ၄၂ ကောင်၊ ဖြူတ်စိမ်း သုည ဒသမ ၉ ကောင်၊ ပင့်ကူ သုည ဒသမ ၁ ကောင်၊ လိပ်ခုံး သုည ဒသမ ၁ ကောင် တွေ့ရှိကြောင်း၊ စပါးကောက်ဘုတ်တစ်ဘုတ်ဆယ်နေရာ တစ်ကောင်ရှိသဖြင့် ရာခိုင်နှုန်းနှင့် တွက်ချက်ပါက ဖြူတ်စိမ်းမှာ သုည ဒသမ ၉ ရာခိုင်နှုန်း တွေ့ရကြောင်း၊ တောင်သူအကျိုးပြုသော ပင့်ကူနှင့် လိပ်ခုံးပိုးကောင်များလည်း တွေ့ရှိကြောင်း၊ ပုလဲပက်ဖျန်းပေးလျှင် တောင်သူများ အချိန်ကြန့်ကြာမည်စိုးသဖြင့် ဆယ့်သုံးသုညအားဆေးကို အခမဲ့ပေးပြီး အန္တရာယ်ကာကွယ်နည်း၊ ဆေးဖျော်နည်း၊ ပက်ဖျန်းနည်းများကို လက်တွေ့ပြသခဲ့ကြောင်း၊ အချိန်မီ ကာကွယ်ထိန်းသိမ်းပေးသဖြင့် တောင်သူများ စီးပွားရေးထိခိုက်မည့်အဆင့်ထိ မရောက်ရှိသေးကြောင်းနှင့် တောင်သူများ၏ စပါးစိုက်ခင်းများကို သက်ဆိုင်ရာမှ ကွင်းဆင်းဆောင်ရွက်ပေးသဖြင့် အားရကျေနပ်မှုရှိကြောင်း ခရိုင်သီးနှံကာကွယ်ရေးဌာနမှ ကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

ဧရာဝတီမြစ်အနောက်ဘက်၊ မုန်းချောင်းအရှေ့ဘက်ရှိ အုပ်စုပေါင်း ကိုးအုပ်စု၊ ကျေးရွာပေါင်း ၄၅ ရွာကျော်မှ လယ်ဧကပေါင်း ၃၀၀၀ ကျော်အား တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးနှင့် သီးနှံကာကွယ်ရေးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းကာ အချိန်မီလုပ်သင့်သည်များ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း၊ မကြာမီအချိန်အတွင်း စပါးစိုက်ခင်းများ ပြန်လည်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နွဲ့ထက်ရှင်**

# မြန်မာ့ရိုးရာ အခြေခံကဗျာလွတ်အက (၁/၂၀၁၄) သင်တန်းဆင်း

**စစ်ကိုင်း၊ စက်တင်ဘာ ၄**



မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်စေရန် ရည်ရွယ်လျက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) တက္ကသိုလ်အနုပညာအသင်းမှ စီစဉ်ဖွင့်လှစ်သော မြန်မာ့ရိုးရာအခြေခံ ကဗျာလွတ်အကသင်တန်း (၁/၂၀၁၄) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက သမဝါယမတက္ကသိုလ်ကျောင်းဝင်း အတွင်းရှိ မြသရဖီခန်းမတွင် ကျင်းပခဲ့သည်။

သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာဒေါ်ရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်နှင့် ဘာသာရပ်အသီးသီးမှ ဌာနမှူးများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ၊ အကနည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အနုပညာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်ခင်က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသူလေးများနှင့် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင် ကျောင်းသူလေးများက ကဗျာလွတ်အကများဖြင့် ဖျော်ဖြေပေးကြသည်။

ထို့နောက် ပါမောက္ခချုပ်က အကနည်းပြဆရာမ ဒေါ်ခိုင်စပယ်အား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ရီအေးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

# ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းနှင့် မှုခင်းကျဆင်းရေး ဆွေးနွေး

**ရမည်းသင်း၊ စက်တင်ဘာ ၄**

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများ ဆောင်ရွက်နေမှုများ သိရှိရေးနှင့် မှုခင်းကျဆင်းရေးအတွက် ညှိနှိုင်းတွေ့ဆုံဆွေးနွေးခြင်းကို မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားသို့ ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှအရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ မီဒီယာအဖွဲ့ဝင်များနှင့် ပြန်ဆက်ဦးစီးဌာနတို့ တက်ရောက်ကြသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဒီမိုကရေစီရဲလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေခြင်းကို ပြည်သူများသိရှိစေလိုကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း အစရှိသည်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော မီဒီယာအဖွဲ့ဝင်များမှ သတင်းရယူမှုအချက်အလက် ကြိုတင်ဆောင်ရွက်သင့်သော အကြောင်းအရာများ၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးများက မြို့နယ်အတွင်း လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဒု-ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သောယာဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုနှင့် အရေးယူဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပေ(၅၀)လမ်း၊ တိုက်အမှတ်(၂၃)၊ ပထမထပ်(အေ)နေ ဦးတင်မောင် [၁၂/ကမရ(နိုင်)၀၀၆၀၁၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပေ(၅၀)လမ်း၊ အမှတ်(၂၃)နေအိမ်ကို ကန်ထရိုက်စနစ်ဖြင့်ဆောက်လုပ်၍ (၇)ထပ် ရရှိခဲ့ရာတွင် သားသမီး(၆)ဦးအား ရရှိသောတိုက်ခန်းများကို အသီးသီးခွဲဝေပေးပြီးဖြစ်ပါသည်။ ယခုလက်ရှိနေထိုင်ပိုင်ဆိုင်သော ပထမထပ်(အေ)တိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းပိုင်ပါသည်။ မည်သည့် သားသမီးတစ်ဦးတစ်ယောက်ကိုမျှ လုပ်ပိုင်ခွင့်ပေးမထားပါ။ ပေးကမ်းထားခြင်းလည်းမရှိပါ။ ကျွန်ုပ်တို့၏မိတ်ဆွေနေထိုင်ပိုင်ဆိုင်သော နေအိမ်တိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေမသိရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်သန်းသန်းစိုး | ဒေါ်ခိုင်ကျော့ကျော့လှိုင် |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၂၈၉၈) | (စဉ်-၃၄၀၆၂) |
| ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၂၅၀၀၂၂၈၉၂ | ဖုန်း-၀၉-၄၃၁၂၄၅၉၄ |

တိုက်(၄၄)၊ ပေ(၅၀)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။




## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်


(လေလံ ၁/၂၀၁၄)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီးတွင် ဖိနပ်အပ်နှံမှု ထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ဂေါပကအဖွဲ့ ရုံး၌ ဈေးပြိုင်လေလံဆွဲနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ် သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်
ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄





## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၅၀၈)၊ မြေကွက်တည်နေရာအမှတ်(၅၀၈)၊ ဗိုလ်မှူးအေးထွန်းညွှန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အုံးကြင်[၁၂/ဗဟန(နိုင်)၀၀၇၄၇၆]က နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ပါမစ်မူရင်းတွင် အိမ်ရာ ဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူစာရင်းတင်ပြ နိုင်ခြင်းမရှိပါ၍ ခိုင်လုံသော အထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- C-၁၁၊ မြေကွက်အမှတ်(၅၁၄)၊ မြေကွက်တည်နေရာအမှတ်(၅၁၄)၊ (ဗိုလ်မှူးမျိုးမြင့်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဘရန်မိုင်[၁၃/မဆတ(နိုင်)၀၀၄၇၄၂]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ပါမစ်မူရင်းတွင် ပြောင်းရွှေ့သူများ၏ ရာဇဝင်အကျဉ်းချုပ် မတင်ပြနိုင်၍ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ




# ကလေးမြို့နယ် ကံပုလဲကျေးရွာတွင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ဟောပြောပွဲကျင်းပ

**ကလေး၊ စက်တင်ဘာ ၄**

ကလေးမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းမှ ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါး ဆန့်ကျင်ရေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီက ကလေးမြို့နယ်၊ ကံပုလဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကလေးမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစိုးမြင့်က မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှုကြောင့် ဖြစ်တတ်သော ရာဇဝတ်မှု၊ ပြစ်မှုများနှင့် ဆိုးကျိုးဖြစ်ပေါ်ခြင်းများအကြောင်း၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒု-ဥက္ကဋ္ဌ ဦးဝင်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ဒု-ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က မူးယစ်ဆေးဝါးသုံးစွဲသူတို့၏ လူမှုဒုက္ခမျိုးစုံရင်ဆိုင်ရပုံတို့ကို အကျယ်တဝင့် ဆွေးနွေးဟောပြောကြပြီး ရဲအုပ်စိုးမိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ဟောပြောသည်။

ယင်းဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများ ၂၅၀ ကျော် စိတ်ပါဝင်စားစွာ တက်ရောက်ကြကြောင်း သိရသည်။ **ဂျိုးနက်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း နွားမေထုန်မဲ့ သားစပ်သင်တန်း(၁/၂၀၁၄)ဖွင့်လှစ်ပေး



**ထားဝယ်၊ စက်တင်ဘာ ၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောင်းနေအရွယ်ကလေးသူငယ်များအား နွားနို့သောက်သုံးသောအလေ့အကျင့် ရရှိလာစေရန် ရည်ရွယ်၍ နွားမေထုန်မဲ့သားစပ်သင်တန်း (၁/၂၀၁၄) ဖွင့်ပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာညဏ်လင်းက အမှာစကားပြောကြားပြီး ထားဝယ်ခရိုင်ဦးစီးဌာနမှူး၊ ဒေါက်တာတင်ဌေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးရလဒ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းကို ဆက်လက်ဆွေးနွေးပို့ချရာ ထားဝယ်ခရိုင်ဦးစီးမှူး ဒေါက်တာတင်ဌေး၊ ဒေါက်တာအေးမင်းသွေး၊ ဒေါက်တာသိန်းဇော်မင်းတို့က နို့စားနွားများ မွေးမြူခြင်းနှင့် နွားမေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းစဉ်များကို စာတွေ့လက်တွေ့ ပို့ချကြသည်။

သင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသား ၂၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိဖြစ်ကြောင်း သိရသည်။ **ဖိုးရွှေသန်း(ထားဝယ်)**

# မော်လမြိုင်တွင် ဆက်သွယ်ရေးမှ ဆင်းမ်ကတ်များ စတင်ရောင်းချ



**မော်လမြိုင်၊ စက်တင်ဘာ ၄**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မှ ၁၅၀၀ ကျပ်တန် ဆင်းမ်ကတ်များကို စက်တင်ဘာ ၂ ရက်တွင် မော်လမြိုင် ဖုန်းဆိုင်တချို့တွင် စတင်ရောင်းချရာ ဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။

"ဆင်းမ်ကတ်ချည်းသက်သက်တော့ ရောင်းတာမဟုတ်ဘူး။ ဟန်းဆက်တစ်လုံးဝယ်မှ ဆင်းမ်ကတ်ကရတာပါ။ ဟွာဝေး အမြင့်ဖုန်းဝယ်ရင်တော့ ဆင်းမ်ကတ်ဖိုးပေးစရာမလိုဘဲ ကျန်ဟန်းဆက်တွေဝယ်ရင်တော့ ဆင်းမ်ကတ်ဖိုး ၁၅၀၀ ကျပ်ပေးရတယ်"ဟု လာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးအနေဖြင့် မြန်မာပြည်တစ်ဝန်းလုံးတွင် ဆင်းမ်ကတ်ပေါင်း ၁၀ သန်းကျော် ရောင်းချပြီးဖြစ်သော်လည်း ရောင်းအားကျဆင်းသွားခြင်းမရှိဘဲ ဝယ်လိုအားမြင့်လျက်ရှိနေသည်ကို တွေ့ရသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် ကြေညာထားသည့်အတိုင်း ဆင်းမ်ကတ်ကိုသာ ဝယ်ယူလိုသည့်ဆန္ဒများ ရှိနေကြောင်း သိရသည်။ **ဆက်နေမင်းအောင်**

# စစ်ကိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၁၄)ဖွင့်

**စစ်ကိုင်း၊ စက်တင်ဘာ ၄**

စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမှုထမ်းဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီက အဆိုပါရုံး ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ကြားချက်များဖြစ်သည့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဝန်ထမ်းများကို သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

